# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဝါခေါင်လဆန်း ၃ရက်၊ ၂၀၁၀ ခုနှစ်၊ ဩဂုတ် ၁၃ရက်၊ သောကြာနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၁၂)



**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


# နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ဝတ္တကမြေအတွင်းရှိ

# ဆင်ဖြူတော်ရတနာအား လာရောက်ကြည့်ရှုသူများဖြင့် စည်ကားများပြားလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၂

မြန်မာ့သမိုင်း၏ ရှေးအကျဆုံးကာလများကပင် ဆင်ဖြူတော်ရတနာတို့သည် ဘုန်းကျက်သရေတိုးစေသည်ဟုလည်းကောင်း၊ မင်္ဂလာရှိသော အထိမ်းအမှတ်ဟုလည်းကောင်း၊ ငြိမ်းချမ်းရေး၊ ကြွယ်ဝချမ်းသာရေး၊ ကောက်ပဲသီးနှံဖြစ်ထွန်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို သယ်ဆောင်လာသော သဘာဝသံတမန်များအဖြစ်လည်းကောင်း၊ ယင်းတို့ကိုပိုင်ဆိုင်သော နိုင်ငံများသည် ဘေးအန္တရာယ်ကင်းရှင်းပြီး တိုင်းသူပြည်သားတို့အပေါ် ကောင်းကျိုးချမ်းသာရောက်စေသည်ဟူ၍လည်းကောင်း အစဉ်အလာ ယုံကြည်ကြရာ ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာထွန်းကားသောနိုင်ငံတိုင်းကပင် ဆင်ဖြူတော်အား အမြတ်တနိုးမွေးမြူထိန်းသိမ်း ပိုင်ဆိုင်လိုကြသည်ချည်းသာ ဖြစ်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❐



နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ဝတ္တကမြေအတွင်းရှိ ဆင်ဖြူတော်ရတနာ ဘဒ္ဒဝတီအား အနယ်နယ်အရပ်ရပ်မှပြည်သူများ လာရောက်ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

# သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန် တိုးချဲ့စိုက်ပျိုး တစ်ဦးချင်းနှင့် နိုင်ငံဝင်ငွေတိုး

သတင်းဆောင်းပါး
အောင်မောင်း(တောင်ကြီး)
စာမျက်နှာဖွဲ့စည်းမှု
မိုးမိုးအောင်(မြန်မာ့အလင်း)

နေပြည်တော် ဩဂုတ် ၁၂

နိုင်ငံတော်က စိုက်ပျိုးရေးအခြေခံအဆောက်အအုံများဖြစ်သော ဆည်၊ တာတမံ၊ မြစ်ရေတင်၊ လမ်း၊ တံတားများအား ရှေးကနှင့်မတူ ထူးခြားစွာ တိုးတက်အောင် ဆောင်ရွက်ပေးနေသည်ကို မျက်မြင်တွေ့မြင်နေရသည် သာမက စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ၊ ကုန်သည်လုပ်ငန်းရှင်များအားလုံး လက်တွေ့အကျိုးစီးပွား တစ်နှစ်ထက်တစ်နှစ် တိုးတက်ဖြစ်ထွန်းလာသည်ကို အောက်ပါလယ်ယာထွက်ကုန်ကဏ္ဍမှ ပြည်ပတင်ပို့မှု တန်ဖိုးပမာဏစာရင်းဇယားများအရ လေ့လာတွေ့ရှိရပါသည် -

| | | ဒေါ်လာသန်း |
|---|---|---|
| ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ် | လယ်ယာထွက်ကုန်ပြည်ပတင်ပို့မှုတန်ဖိုး | ၁၂၂၁ ဒသမ ၂၂ |
| ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ် | လယ်ယာထွက်ကုန်ပြည်ပတင်ပို့မှုတန်ဖိုး | ၁၄၀၃ ဒသမ ၁၇ |
| ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ် | လယ်ယာထွက်ကုန်ပြည်ပတင်ပို့မှုတန်ဖိုး | ၁၆၅၇ ဒသမ ၅၈ |

## တိုးချဲ့စိုက်ပျိုး

နိုင်ငံတော်အကြီးအကဲက လယ်ယာထွက်ကုန်သီးနှံတစ်မယ်ချင်း စိုက်ပျိုးထုတ်လုပ်မှု ပန်းတိုင်အထွက်နှုန်းများအထိ တိုးတက်ထုတ်လုပ်ရေး စဉ်ဆက်မပြတ်လမ်းညွှန်လျက်ရှိပါသည်။ ထို့အပြင် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်များပါ တိုးချဲ့စိုက်ပျိုးပြီး ပြည်တွင်းစားသုံးနိုင်ရေးသာမက ပြည်ပတင်ပို့နိုင်ရေး၊ အမယ်သစ်များ တိုးချဲ့တင်ပို့နိုင်ရေး လမ်းညွှန်ခဲ့ပါသည်။

## ဈေးကောင်းရရှိ

သို့ဖြစ်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းနှင့်

*စာမျက်နှာ ၇ ကော်လံ ၁* ✳




ယခုအခါ စနစ်တကျ ထုပ်ပိုးတင်ပို့မှုပုံစံ။

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဩဂုတ် ၁၃ ရက်)

# ရင်သွေးငယ်များ အာဟာရဖွံ့ဖြိုးရေး မိခင်တိုင်း အလေးထားဆောင်ရွက်

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများကို မြန်မာနိုင်ငံ၌ ၂၀၀၃ခုနှစ်မှစ၍ နှစ်စဉ် စက်တင်ဘာလ(ပထမ)ပတ်ကိုကျင်းပခဲ့ရာမှ ၂၀၀၉ခုနှစ်မှစ၍ ကိုယ်ဝန်ဆောင်များ အာဟာရဖွံ့ဖြိုးပြီး ကျန်းမာသန်စွမ်းသောရင်သွေးငယ်များ မွေးဖွားလာရေး၊ ငါးနှစ်အောက်ကလေးများ အာဟာရပြည့်ဝပြီး ပုံမှန်ကြီးထွားဖွံ့ဖြိုးစေရေးတို့ကို ရည်ရွယ်လျက် နှစ်စဉ် ဩဂုတ်လကို အာဟာရဖွံ့ဖြိုးရေးလအဖြစ် သတ်မှတ်ကာ တစ်နိုင်ငံလုံး လွှမ်းခြုံမိရန် ကျင်းပခဲ့သည်။

ယခုနှစ်ဆောင်ရွက်သည့် အာဟာရဖွံ့ဖြိုးရေးနှင့် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှုများအနက် ယခုဩဂုတ်လ ဒုတိယပတ်ကို ငါးနှစ်အောက်ကလေးများ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အဖြစ် တစ်နိုင်ငံလုံး ဆောင်ရွက်သွားမည်ဖြစ်သည်။

ယခုကဲ့သို့ ဩဂုတ်လတစ်လလုံးကို အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များသတ်မှတ်ပြီး ဆောင်ရွက်ခြင်းကြောင့် ကလေးငယ်များနှင့် အမျိုးသမီးများ၏ ကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးမှု ပိုမိုမြင့်မားလာမည်ဖြစ်သည်။ မိခင်နို့ စနစ်တကျတိုက်ကျွေးခြင်းဖြင့် ကလေးငယ်များတွင်ဖြစ်ပွားတတ်သည့် အာဟာရမပြည့်ဝခြင်း၊ ဝမ်းလျှောဝမ်းပျက်ဖြစ်ခြင်း စသည့်ပြဿနာများကို လျှော့နည်းကျဆင်းစေနိုင်မည်ဖြစ်ပြီး ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ ကလေးသူငယ်များ အာဟာရပြည့်ဝမျှတစွာ စားသုံးတတ်သည့်အလေ့အထ ပိုမိုထွန်းကားလာမည်ဖြစ်သည်။

ရင်သွေးငယ်များ အာဟာရချို့တဲ့မှုကြောင့် အသက်မဆုံးရှုံးစေရေးနှင့် အာဟာရပြည့်ဝရေးသည် အရေးပါလျက်ရှိသည်။ ထို့ကြောင့် ရင်သွေးငယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုအရှိန်ကို မြှင့်တင်ပေးနိုင်သည့် စရိတ်ကျဉ်းသော မိခင်နို့စနစ်တကျတိုက်ကျွေးခြင်း၊ ကလေးငယ်များအား အစားအစာ စနစ်တကျကျွေးခြင်းတို့ကို ပြုလုပ်ရပေမည်။ သို့မှသာ အနာဂတ်နိုင်ငံတော်အတွက် ကျန်းမာကြံ့ခိုင်ပြီး ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်သော သားကောင်း၊ သမီးကောင်းရတနာများ ပေါ်ထွန်းလာမည်ဖြစ်သည်။

သို့ဖြစ်ပေရာ ရင်သွေးငယ်များ အာဟာရပြည့်ဝပြီး ကျန်းမာကြံ့ခိုင်၍ ဉာဏ်ရည်ထက်မြက်သူများဖြစ်လာရန် မိခင်တိုင်းက အလေးထား ဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(စနေနေ့-နံနက် - နေ့လယ် - ည)
၁၄-၈-၂၀၁၀

| | |
|---|---|
| ၇:၀၀ | အဖွင့်တီးလုံး+နှုတ်ခွန်းဆက် |
| ၇:၀၅ | နိုင်ငံတော်သီချင်း+ ကြေညာချက် တရားတော် (တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ (မေတ္တာသုတ်+ဂုဏ်တော်ကွန်ချာ) |
| ၇:၂၀ | ဓမ္မပူဇာတေးပဒေသာ |
| ၇:၃၅ | (၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ |
| ၈:၀၀ | စံတော်ချိန် + သတင်း နံနက်ခင်းတေးပဒေသာ |
| ၈:၃၀ | လောကနီတိအသိရှိစေဖို့ (နှလုံးလှအဆုံးအမတော်များ) တေးပဒေသာ ဘဝအသွင်ကဗျာ့အမြင် (တစ်ခါပြန်၍ဆုံပါစေ) တေးပဒေသာ |
| ၁၀:၀၀ | မွေးနေ့လက်ဆောင် |
| ၁၀:၃၀ | သတင်းစာအာဘော် |
| ၁၀:၃၅ | ရင်ခုန်စီးဆင်း အနုပညာသတင်း |
| ၁၁:၀၀ | နေ့လယ်ခင်းသတင်း |
| ၁၁:၁၀ | ကလေးအစီအစဉ် (ကလေးများအတွက် ပုံပြင်-အဆော့မက်တဲ့မောင်ခန့်) |
| ၁၁:၂၀ | အာဆီယံအစီအစဉ် နေ့လယ်ခင်းတေးပဒေသာ |
| ၁၁:၃၅ | ဇာတ်လမ်းပမာနားဆင်စရာ (နားလည်ပါစေ မိချောတို့အမေ) တေးပဒေသာ |
| ၁၂:၀၀ | စံတော်ချိန် ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့် (၆၂) |
| ၁၂:၂၀ | ယဉ်ကျေးမှုအနုပညာ (ကြေးစည်) |
| ၁၂:၃၀ | ဟန်မျိုးစုံညီတေးကိုသီ |
| ၁၃:၀၀ | မွန်းလွဲပိုင်းသတင်း |
| ၁၃:၁၀ | ပညာရေးအစီအစဉ် (နဝမတန်း-ပထဝီဝင်) တေးပဒေသာ |
| ၁၃:၃၀ | အစီအစဉ်ပြီး၏။ |
| ၁၆:၀၀ | အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ |
| ၁၆:၃၀ | သောတရှင်လိုရာတေး |
| ၁၇:၀၀ | လေလှိုင်းကြားကပွဲတင်သံ |
| ၁၇:၁၅ | တေးပဒေသာ |
| ၁၇:၂၅ | သတင်းစာဆောင်းပါး |
| ၁၇:၃၀ | ခေတ်မရွေးသောတေးများ |
| ၁၈:၀၀ | ညနေခင်းသတင်း |
| ၁၈:၁၀ | တေးချစ်သူရွေးသီ တေးပန်းချီ |
| ၁၈:၄၅ | ချိုချစ်ဖွယ်အင်္ဂလိပ်တေးသီချင်းကဏ္ဍ |
| ၁၉:၀၀ | နိုင်ငံတကာသတင်း နိုင်ငံရေးဦးတည်ချက် |
| ၁၉:၁၀ | တေးပဒေသာ |
| ၁၉:၁၅ | သူ့အကြိုက်သူ့အသွင် (ချစ်စနိုးဦး) |
| ၁၉:၃၀ | ကျန်းမာရေးရာသိကောင်းစရာ (သရက်သီးရဲ့ကျန်းမာရေး အကျိုးကျေးဇူးများ) တေးပဒေသာ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |
| ၂၀:၂၀ | သံစဉ်တေးသွားမေတ္တာစကား စီးပွားရေးဦးတည်ချက် |
| ၂၀:၃၀ | သိမှတ်ဖွယ်ရာနိုင်ငံရေးရာ |
| ၂၀:၄၅ | ညချမ်းချိန်ခါတေးပဒေသာ |
| ၂၁:၀၀ | Radio Internet (24) |
| ၂၁:၁၀ | ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ |
| ၂၂:၀၀ | အစီအစဉ်ပြီး၏။ |



## ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့်အား အင်ဒိုနီးရှားသံအမတ်ကြီးနှင့် ဌာနေကိုယ်စားလှယ်များ တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁၂

**ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသံအမတ်ကြီး H.E. Mr. Sebastianus Sumarsono နှင့်အဖွဲ့သည် ဩဂုတ် ၁၀ရက် နံနက် ၉နာရီခွဲက နေပြည်တော်ရှိ ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ဧရာဝတီတိုင်း လပွတ္တာမြို့နယ် ပြင်စလူဆေးရုံဖွင့်ပွဲ ကျင်းပရန်အတွက် ညှိနှိုင်းဆွေးနွေးကြသည်။** (အပေါ်ပုံ)

ထို့အတူ ဝန်ကြီးအား United Nations Office for Project Services (UNOPS)မှ ဌာနေကိုယ်စားလှယ် Mr. Sanjay Mathur နှင့် အဖွဲ့သည် နံနက် ၁၀နာရီတွင် လာရောက်တွေ့ဆုံ၍ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ ကမ္ဘာ့ရန်ပုံငွေဖြင့် ရောဂါကြီး(၃)မျိုး တိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းကိစ္စရပ်များကို ဆွေးနွေးကြသည်။

### ဆွေးနွေး

အလားတူ ဝန်ကြီးအား Save the Children (US) အဖွဲ့မှ ဌာနေကိုယ်စားလှယ် Ms. Naida Pasion သည် နံနက် ၁၀နာရီခွဲတွင် လာရောက်တွေ့ဆုံ၍ ကျန်းမာရေးဝန်ကြီးဌာနနှင့် နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများ ရောဂါကြီး(၃)မျိုး တိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းကိစ္စရပ်များကို ဆွေးနွေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဘိလိယက်နှင့် စနူကာဒိုင်သင်တန်း ပို့ချမည်

**ရန်ကုန် ဩဂုတ် ၁၂**

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် (အောင်ဆန်းကွင်း)ရှိ လေ့ကျင့်ရေးခန်းမ၌ ဩဂုတ် ၂၀ရက်မှ ၂၇ရက်အထိ နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ ပြည်တွင်းပြိုင်ပွဲများနှင့် နိုင်ငံတကာ ဘိလိယက်နှင့် စနူကာပြိုင်ပွဲများတွင် တာဝန်ထမ်းဆောင်နိုင်ရေးအတွက် ဘိလိယက်နှင့် စနူကာဒိုင်သင်တန်းများ ပို့ချမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသော သင်တန်းသားများသည် မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်သို့ ဩဂုတ် ၁၉ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ ဓာတ်ပုံနှစ်ပုံနှင့်အတူ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**(ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်)**

## ကျောက်တံခါးမြို့နယ် အထက တက္ကသိုလ်ဝင်တန်းအောင်မြင်သူများအား ဂုဏ်ပြုပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၁၂**

ပဲခူးတိုင်း ကျောက်တံခါးမြို့ အထက မိဘဆရာအသင်း အစည်းအဝေးနှင့် ၂၀၀၉-၂၀၁၀ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲကို ဩဂုတ် ၇ရက် နံနက် ၁၀နာရီက ပတ္တမြားခန်းမ၌ ကျင်းပသည်။

### အမှာစကားပြောကြား

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးတင့်၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နာယက ဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း)နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဂုဏ်ပြုအမှာစကား ပြောကြားကြသည်။

ထို့နောက် လေးဘာသာဂုဏ်ထူးရှင် နှစ်ဦးအပါအဝင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော ကျောင်းသား ကျောင်းသူ ၂၀တို့ကို ကျောက်တံခါးမြို့နယ်အသင်း (ရန်ကုန်) နာယက ဗိုလ်မှူးကြီးတင်ရှိန် (ငြိမ်း)နှင့် ဥက္ကဋ္ဌ ဦးဇော်တင့်တို့က ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။**(အောက်ပုံ)** ဂုဏ်ထူးရရှိအောင် သင်ကြားပေးသော ဆရာ ဆရာမများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး လေးဘာသာဂုဏ်ထူးရှင် မရွှန်းလဲ့ဝေက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**





## ကွန်ကရစ်တံတားတည်ဆောက်

ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော အိမ်ခြေလေးဆယ်-နတ်ကင်းလမ်းပေါ်ရှိ ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို ဩဂုတ် ၃ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူးနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ခိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထက်အောင်ခန့်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

## သင့်သွေးဖြင့် အသက်ကယ်ပါ



# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး စစ်ကိုင်းတိုင်း ရွှေဘိုခရိုင်နှင့် မုံရွာခရိုင်တို့၌ မိုးစပါးစိုက်ပျိုးပြီးစီးမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၂

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၉ရက်တွင် ရွှေဘိုမြို့နယ် ရွှေဘိုဒီဂရီကောလိပ်၌ ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ သတ်မှတ်နေရာ၌ အထိမ်းအမှတ်သစ်ပင်ကို စိုက်ပျိုးပေးသည်။**

ထို့နောက် တိုင်းမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သစ်ပင်များကို စိုက်ပျိုးပေးကြသည်။

## ကြည့်ရှုအားပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် တိုင်းမှူးတို့က ဝန်ထမ်းများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ သစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးကြပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ရွှေဘိုစက်မှုဇုန်ရှိ သန်းတင့်ပလတ်စတစ်ထုတ်လုပ်ရေးစက်ရုံ၊ ဂျူဗီနိုင်း RO သောက်ရေသန့် ထုတ်လုပ်ရေးစက်ရုံနှင့် ရွှေသီဟဆန်စက်များသို့ သွားရောက်ပြီး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်မှုနှင့် စက်မှုဇုန်အတွင်းရှိလမ်းများ ကောင်းမွန်မှု အခြေအနေတို့ကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

## ပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ရွှေဘို နယ်မြေခံတပ်ရင်း ခန်းမ၌ နယ်မြေခံတပ်ရင်းမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ၍ မိသားစုဝင်များအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ ရွှေဘိုမြို့ မဟာနန္ဒာကန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရွှေဘိုမြို့ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ ရွှေဘို-ချီပါ-ဆိပ်ခွန်-ရေကြည်ဝ ကျေးရွာ လမ်းပိုင်းအခြေအနေနှင့် လမ်းဘေးဝဲယာတစ်လျှောက် မိုးစပါးစိုက်ပျိုးထားရှိမှုတို့ကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးကာ ချီပါကျေးရွာသို့ ရောက်ရှိပြီး စက်မှုလယ်ယာဦးစီးဌာနမှ တိုင်းဦးစီးဌာနမှူးက စပါးစေ့အား ပျိုးဗန်းများဖြင့် အဆင့်ဆင့်ပျိုးထောင်ပြီး လယ်ယာသုံး ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနိုင်မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ချီပါကျေးရွာနှင့်အနီး ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံတောင်သူများအားတွေ့ဆုံ၍ လိုအပ်ချက်များကို မေးမြန်းကာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ရွှေဘိုမြို့နယ် ရေကြည်ဝကျေးရွာအနီးရှိ မူးမြစ်ကူးတံတား (ရန်ကြီးအောင်) တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိပြီး တိုင်းအင်ဂျင်နီယာမှူးကြီး၏ တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုအပေါ် လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ယင်းနောက် ရေကြည်ဝကျေးရွာမှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ တံတားတည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မူးကမ်းကြီးကျေးရွာမှ ဒီးပဲယင်းမြို့သို့ ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက်လမ်းပိုင်း အခြေအနေနှင့် မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေတို့ကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မုံရွာ-ဒီပဲယင်း-ရေဦး လမ်းပိုင်းအခြေအနေကို မော်တော်ယာဉ်ဖြင့် ဆက်လက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဒီပဲယင်းမြို့နယ် ငပယင်းကျေးရွာသို့ ရောက်ရှိကာ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များကို ပေးအပ်လှူဒါန်းကာ စာကြည့်တိုက်အတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဒေသခံပြည်သူနှင့် လူငယ်များ စာအုပ်စာစောင်များဖတ်ရှုနေမှုကို ကြည့်ရှုအားပေးသည်။

## ဆုချီးမြှင့်

ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဩဂုတ် ၁၀ရက်တွင် စစ်ကိုင်းတိုင်း မုံရွာခရိုင် မုံရွာမြို့နယ် မြို့တော်ခန်းမ၌ ကျင်းပသည့် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် စစ်ကိုင်းတိုင်းမှ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားပြီး ခြောက်ဘာသာဂုဏ်ထူး ရရှိကြသည့် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် တာဝန်ရှိသူများ၊ ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ထူးချွန်ဆုရကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက အမှာစကား ပြောကြားပြီး တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းပညာရေးမှူးက စစ်ကိုင်းတိုင်း၏ ပညာရေးဆောင်ရွက်မှုအခြေအနေများနှင့် ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးက ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် စစ်ကိုင်းတိုင်းမှ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ခြောက်ဘာသာဂုဏ်ထူးရှင် ထူးချွန်ကျောင်းသားများအားလည်းကောင်း၊ တိုင်းမှူးနှင့် တာဝန်ရှိသူများကဆုရရှိသူ အသီးသီးအားလည်းကောင်း ဆုများကိုပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မုံရွာမြို့ စက်မှုဇုန်ရှိ သီဟထွန်းသံရည်ကျိုနှင့် စက်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ၊ **(အပေါ်ပုံ)** ငြိမ်းချမ်းရေးပဲခွဲစက်နှင့်စက်ရုံ၊ အောင်တံခွန် ဂျုံမှုန့်ကြိတ်စက်၊ ကောင်းမြတ်ကြယ်စင်ဟိန်း မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

## ရှင်းလင်းတင်ပြ

ဆက်လက်၍ မုံရွာ-ဇောခိတစ်ထောင်လမ်းပိုင်းအခြေအနေနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှု အခြေအနေတို့ကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးပြီး ဇောခိတစ်ထောင် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး သစ်ပင်များစိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက ဇောခိတစ်ထောင်ပတ်ဝန်းကျင်၌ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးကလိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဇောခိတစ်ထောင် ရေလှောင်တမံ ရေဝင်ရောက်ရှိမှုနှင့် ဘုရားကြီးအရှေ့ဘက်ဝန်းကျင် စိမ်းလန်းစိုပြည်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး မုံရွာတပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားပြီး မိသားစုဝင်များအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ❐ ရှေ့ဖုံးမှ

ထိုသို့ ယုံကြည်ကြသည့်အလျောက် နေပြည်တော်သို့ အခြံအရံများနှင့်တကွ တခမ်းတနားရောက်ရှိခဲ့သော ဆင်ဖြူတော်ရတနာ “ဘဒ္ဒဝတီ”ထံသို့ ဆင်ဖြူတော်စတင်ရောက်ရှိသည့် ဩဂုတ် ၉ရက်မှစ၍ နေပြည်တော်ဒေသခံများသာမက နိုင်ငံတစ်ဝန်းလုံးမှ ဘုရားဖူးလာပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာလျက်ရှိကြရာ ဥပ္ပါတသန္တိစေတီတော်ဝတ္တကမြေအတွင်း လာရောက်ကြည့်ရှုလေ့လာသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း၊ အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်တော့မည့် နမိတ်အဖြစ် ပြောဆိုဆွေးနွေးလျက်ရှိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်အေးအား ယင်းဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ နည်းပညာတက္ကသိုလ်(မှော်ဘီ)ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ဌာန |
| --- | --- |
| (က) ဦးရဲထွဋ် | ညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန |
| (ခ) ဦးခင်ကိုလေး | ညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန<br>မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန |

၃။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ရာထူး၊ဌာန | ခန့်ထားသည့်ရာထူး၊ဌာန |
| --- | --- |
| (က) ဒေါက်တာဇော်မင်းအောင်<br>ဒုတိယပါမောက္ခချုပ်<br>ရန်ကုန်အနောက်ပိုင်းနည်းပညာ တက္ကသိုလ်<br>အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုနှင့်သက်မွေးပညာဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (ခ) ဒေါက်တာမိမိသက်သွင်<br>ဒုတိယပါမောက္ခချုပ်<br>မန္တလေးကွန်ပျူတာတက္ကသိုလ်<br>အဆင့်မြင့်သိပ္ပံနှင့်နည်းပညာ ဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မန္တလေးကွန်ပျူတာတက္ကသိုလ်<br>အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |





# Yangon-Expo 2010 ကုန်စည်ပြပွဲ၌ Supercool ကားတာယာပြခန်းပါဝင် ပြသ

ရန်ကုန် ဩဂုတ် ၁၂

ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ဩဂုတ် ၁၂ ရက်မှ ၁၅ ရက်အထိ Smart Business Group က ကြီးမှူးကျင်းပသည့် Yangon-Expo 2010 ကုန်စည်ပြပွဲ၌Supercool တာယာပြခန်းလည်း ပါဝင်ပြသလျက်ရှိသည်။ **(အပေါ်ပုံ)**

ပြခန်းတွင် နိုင်လွန်၊ စတီးလ်(Radial) တာယာ တပ်ဆင် မောင်းနှင်နေသော မော်တော်ကားကြီးများ၏ တာယာမျက်နှာပြင် အပေါက်အကွဲများ၊ ဘေးနံရံအကွဲဒဏ်ရာများကြောင့် မောင်းနှင်၍မရတော့သော တာယာများကို မူလပကတိအတိုင်း အသုံးပြုနိုင်ရန်ပြုပြင်ပေးခြင်း၊ ပန်းသားကုန်အောင်မောင်းနှင်ပြီးသော ကားတာယာများကို အသစ်ကဲ့သို ပြန်လည်အသုံးပြုနိုင်ရန် အအေးပေါင်းစနစ်ဖြင့် ပန်းသားအသစ်တပ်ဆင်ခြင်းလုပ်ငန်းကို Kyi Brothers Industries Co., Ltd. က တစ်နေ့လျှင် တာယာအလုံး ၂၀၀ အထိ ထုတ်လုပ်နိုင်သော ခေတ်မီစက်သစ်ကြီးများဖြင့် နိုင်ငံခြားသား Superviser ပညာရှင်များဖြင့် ပြုပြင်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ Supercool အမှတ်တံဆိပ်ပါ Retread Typeများကို အမှတ် ၁၇၀ ဦးတရုတ်ကြီးလမ်း လှိုင်သာယာစက်မှုဇုန်(၄) ရန်ကုန်တိုင်း ဖုန်း-၇၂၈၃၅၁၊ ၆၈၅၁၄၄၊ ၆၈၅၇၇၈တို့မှ ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း သိရသည်။

## ဆက်သွယ်ရရှိနိုင်

Supercoolတာယာနှင့် ဆက်သွယ်ရရှိနိုင်သည့်လိပ်စာများမှာ ရန်ကုန် အရောင်းပြခန်း အမှတ် ၈ျ/၁၉ ဘုရင့်နောင်ဈေးရှေ့ ဘုရင့်နောင်ပွဲရုံလမ်း ဖုန်း-၆၈၁၇၉၄၊ မန္တလေးအရောင်းပြခန်း အမှတ် ၁၆၊ ၃၆ လမ်း ၈၂လမ်းနှင့် ၈၃လမ်းကြား မန္တလေးမြို့ ဖုန်း-၀၉-၈၅၁၆၀၁၆၊ မော်လမြိုင်ကိုယ်စားလှယ် အမှတ် ၁၄ ဈေးချိုကားကြီးအဝေးပြေးဝင်း မော်လမြိုင်မြို့ ဖုန်း-၀၉-၈၇၀၀၁၇၇၊ ပဲခူးမြို့ကိုယ်စားလှယ် အမှတ် ၅၇/ခ သွန်းဘုရားလမ်း သွန်းဘုရားရပ် ပဲခူးမြို့ ဖုန်း-၀၉- ၅၁၄၀၆၉၅ တို့ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# တက္ကသိုလ်၊ ဒီဂရီကောလိပ်များ ဘော်လီဘောပြိုင်ပွဲ (မော်လမြိုင်ဇုန်) ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

မော်လမြိုင် ဩဂုတ် ၁၂

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၊ ဘော်လီဘောပြိုင်ပွဲ (မော်လမြိုင်ဇုန်)၏ နောက်ဆုံးနေ့ ပွဲစဉ်များကို ဩဂုတ် ၇ရက် နံနက် ၉နာရီမှ မွန်းလွဲ ၁နာရီအထိ မော်လမြိုင်တက္ကသိုလ်အားကစားရုံ၌ ကျင်းပရာ တတိယနေရာလုပွဲတွင် မြိတ်တက္ကသိုလ်အသင်းက ထားဝယ်တက္ကသိုလ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ နောက်ဆုံးဗိုလ်လုပွဲတွင် မော်လမြိုင်တက္ကသိုလ်အသင်းက ဘားအံတက္ကသိုလ်အသင်းကို သုံးပွဲ-နှစ်ပွဲဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိကြသည်။

## ပေးအပ်ချီးမြှင့်

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပထမရရှိသော မော်လမြိုင်တက္ကသိုလ်အသင်းအား မော်လမြိုင်တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဌေးအောင်က တံခွန်စိုက်ဆုပေးအပ်ချီးမြှင့်သည်။ **(အောက်ပုံ)** တစ်ဦးချင်းဆုများ၊ နေရာအလိုက် အကောင်းဆုံးဆုများနှင့် ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးအားကစားသမားဆုတို့ကို ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ (၀၁၄)



# အင်ဒိုနီးရှားနှင့် တောင်ကိုရီးယား ၂၀၂၀ပြည့်နှစ်၌ ဂျက်တိုက်လေယာဉ်များ ပူးတွဲထုတ်လုပ်မည်

ဂျကာတာ ဩဂုတ် ၁၂

အင်ဒိုနီးရှားနှင့် တောင်ကိုရီးယားနှစ်နိုင်ငံပူးတွဲကာ ၂၀၁၂ပြည့်နှစ်၌ ဂျက်တိုက်လေယာဉ်ထုတ်လုပ်ရေးစီမံကိန်းကို စတင်အကောင်အထည်ဖော်ဆောင်ရွက်တော့မည်ဖြစ်ကြောင်း အင်ဒိုနီးရှားကာကွယ်ရေးဝန်ကြီး ပူရာမိုမိုယူဂီအင်တိုရိုက ဩဂုတ် ၁၂ရက်တွင် ပြောကြားသည်။

**ကူညီ**

၎င်းဂျက်တိုက်လေယာဉ်များ ထုတ်လုပ်ရာတွင် အင်ဒိုနီးရှား ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးစက်ရုံများတွင်လည်း ကူညီတပ်ဆင်ကာ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

**သဘောတူ**

ဂျက်တိုက်လေယာဉ်များ ပူးတွဲထုတ်လုပ်ရေးစီမံကိန်းနှင့် ပတ်သက်ပြီး အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ အင်ဒိုနီးရှားကာကွယ်ရေးဝန်ကြီး ပူရာမိုမိုယူဂီအင်တိုရိုနှင့် တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီး ယောင်ကင်တေးတို့ ဩဂုတ် ၁၀ရက်က တွေ့ဆုံဆွေးနွေးပြီးနောက် စီမံကိန်းအကောင်အထည်ဖော်ရန် သဘောတူညီခဲ့ကြခြင်းဖြစ်သည်။

**စတင်**

၎င်းဂျက်တိုက်လေယာဉ်များကို လာမည့် ၂၀၂၀ပြည့်နှစ်မှစတင်ကာ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ဂျကာတာပို့စ်သတင်းစာနှင့် တွေ့ဆုံစဉ် အင်ဒိုနီးရှားကာကွယ်ရေးဝန်ကြီး ယူဂီအင်တိုရိုက ပြောကြားသည်။ ဂျက်တိုက်လေယာဉ်များ ပူးတွဲထုတ်လုပ်ရန် အင်ဒိုနီးရှားနှင့် တောင်ကိုရီးယား နှစ်နိုင်ငံတို့ ၂၀၀၆ခုနှစ်ကပင် သဘောတူခဲ့ကြခြင်းဖြစ်သည်။ **(အင်တာနက်)**



ဩစတြီးယားနိုင်ငံတောင်ပိုင်း မြေပြင်မှ အမြင့်ပေ ၆၀၀၀ကျော်၌ အမျိုးသမီးနှစ်ဦး ပျံသန်းဘားသရုပ်ပြသနေသည်ကို ဩဂုတ် ၁၂ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

# အီလက်ထရွန်နစ် မော်တော်ကားများ စပိန်နိုင်ငံ၌ စတင်ရောင်းချနေ



*မက်ဒရစ် ဩဂုတ် ၁၂*

***စပိန်နိုင်ငံတွင် အီလက်ထရွန်နစ်ကားများ စတင်ရောင်းချပေးလျက်ရှိရာ ၂၀၁၀ ခုနှစ်ကုန်ပိုင်း၌ အီလက်ထရွန်နစ်ကားစီးရေ ၂၀၀၀ခန့် လမ်းများပေါ်၌ မြင်တွေ့ရလိမ့်မည်ဖြစ်ကြောင်း အစိုးရကျောထောက်နောက်ခံပြုသည့် အာအီးဗီအီး အီလက်ထရွန်နစ်ကားထုတ်လုပ်ရေးကုမ္ပဏီက ပြောကြားသည်။*** *(ဝဲပုံ)*

*ရောင်းချ*

***အာအီးဗီအီး အီလက်ထရွန်နစ်ကုမ္ပဏီက ယခုအထိ အီလက်ထရွန်နစ်ကား ၁၆စီး ရောင်းချခဲ့ပြီးဖြစ်သည်။ မော်တော်ကား ဒီဇိုင်းပုံစံဆန်းသစ်ခြင်းနှင့် လောင်စာဆီကုန်ကျမှုသက်သာစေသဖြင့် ကမ္ဘာ့ဈေးကွက်၌ ပိုမိုရောင်းချနိုင်မည်ဖြစ်သည်။***

*ရည်ရွယ်*

***၂၀၁၄ခုနှစ်အထိ အီလက်ထရွန်နစ်ကား ၂၅၀၀၀စီး ထုတ်လုပ်ရောင်းချသွားရန် ရည်ရွယ်ထားကြောင်း ၎င်းကုမ္ပဏီက ဆက်လက်ပြောကြားသည်။***

*ရင်းနှီးမြှုပ်နှံ*

***ယင်းကုမ္ပဏီသည် စပိန်နိုင်ငံတွင် အီလက်ထရွန်နစ်ကားများ ထုတ်လုပ်ရန် ယူရိုသန်း ၅၉၀ (အမေရိကန်ဒေါ်လာ ၇၇၅သန်း) ရင်းနှီးမြှုပ်နှံထားမည်ဖြစ်ကြောင်း ဧပြီလအတွင်းက စပိန်အစိုးရက ပြောကြားသည်။*** *(အင်တာနက်)*

# အီရန်သဘာဝဓာတ်ငွေ့ အီရတ်ကိုဖြတ်ပြီး ဆီးရီးယားသို့ပို့မည်

တီဟီရန် ဩဂုတ် ၁၂

အီရတ်နိုင်ငံမှတစ်ဆင့် ဆီးရီးယားနိုင်ငံသို့ အီရန်သဘာဝဓာတ်ငွေ့များ ပေးပို့ရေးကို အီရတ်ကလက်ခံသဘောတူကြောင်း အီရန် ရေနံဒုတိယဝန်ကြီး ဂျာဗက်အိုဂျီက ဩဂုတ် ၁၂ရက်၌ ပြောကြားသည်။

**သဘောတူညီ**

ဆီးရီးယားနိုင်ငံရှိ ဓာတ်အားပေးစက်ရုံများသို့ အီရန်သဘာဝဓာတ်ငွေ့ပေးပို့ရေးနှင့် စပ်လျဉ်း၍ အီရန်နှင့် အီရတ်အရာရှိများ မကြာမီက တွေ့ဆုံအပြီးတွင် သဘောတူညီမှု ရရှိသွားခြင်း ဖြစ်ကြောင်း အီရန် ရေနံဒုတိယဝန်ကြီး အိုဂျီက ပြောကြားသည်။

**အချိန်ယူ**

ဓာတ်ငွေ့များမပေးပို့မီ တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ ကုဗမီတာ သန်း ၆၀ပို့နိုင်သည့် ဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်ရန် အနည်းဆုံး သုံးနှစ် အချိန်ယူရမည်ဟုလည်း ၎င်းက ပြောကြားသည်။ **(အင်တာနက်)**

# ဒေသအတွင်း သတင်းအချက်အလက်များ စုစည်းရရှိရေး ကနေဒါ၏ ပထမဆုံး အာတိတ်ဂြိုဟ်တုစခန်း ဖွင့်လှစ်

အော့တဝါ ဩဂုတ် ၁၂

**ဒေသအတွင်း သတင်းအချက်အလက်များ စုစည်းရရှိရေးအတွက် ပထမဆုံးအာတိတ်ဂြိုဟ်တုစခန်းကို ကနေဒါနိုင်ငံ အရာရှိများက ဩဂုတ် ၁၁ရက်၌ စတင်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။**

**အရှည်ဆုံး**

ကမ္ဘာ့ပေါ်တွင် အရှည်ဆုံးကမ်းရိုးတန်းနှင့် ဒုတိယမြောက် အရွယ်အစားအကြီးဆုံး ကုန်းမြေဧရိယာကို ပိုင်ဆိုင်ထားသည့် ကနေဒါနိုင်ငံအပေါ်လွှမ်းခြုံကာ ၎င်းအာတိတ်ဂြိုဟ်တုစခန်းမှ သတင်းအချက်အလက်များကို အချိန်ပြည့် ထုတ်လွှင့်ပေးမည်ဖြစ်သည်။

**တည်ဆောက်**

အာတိတ်ဒေသအတွက် သတင်းအချက်အလက်များ ရယူစုဆောင်းနိုင်ရန်နှင့် ကနေဒါနိုင်ငံအတွက် သတင်းအချက်အလက်များ ပိုမိုရရှိစေရန် အာတိတ်ဂြိုဟ်တုစခန်းကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

**ဖြန့်ဖြူးမည်**

အာတိတ်ဂြိုဟ်တုစခန်းသည် ကနေဒါ၊ ဆွီဒင်၊ နော်ဝေနှင့် အလာစကာပြည်နယ်များသို့ သတင်းအချက်အလက်များကို ကောင်းစွာဖြန့်ဖြူးပေးနိုင်မည် ဖြစ်သည်။

**ရယူ**

ထို့အပြင် အာတိတ်ဒေသ ရာသီဥတုပြောင်းလဲမှု၊ ရေခဲပြင်များ အရည်ပျော်မှုနှင့် ဂေဟစနစ် ပြောင်းလဲမှုဆိုင်ရာ သတင်းအချက်အလက်များကို ဓာတ်ပုံနှင့်တကွ ရယူထုတ်ပြန်သွားမည်ဖြစ်သည်။ **(အင်တာနက်)**

**ယိုဂန်ဂြိုဟ်တုလွှတ်တင်**



တရုတ်နိုင်ငံ ရှန်စီပြည်နယ်ရှိ တေယန်ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ ယိုဂန်ဂြိုဟ်တုကို ဩဂုတ် ၁၂ရက်က လွှတ်တင်လိုက်စဉ်။ (အင်တာနက်ဓာတ်ပုံ)

# ရုရှား၌ တောမီးများလောင်ကျွမ်းမှု တရုတ်မှ ကယ်ဆယ်ရေး ပစ္စည်းများထောက်ပံ့

ပေကျင်း ဩဂုတ် ၁၂

ရုရှားနိုင်ငံ၌ ဆိုးရွားစွာ လောင်ကျွမ်းသည့် တောမီးအန္တရာယ်ကြောင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးအဖြစ် တရုတ်နိုင်ငံက အမေရိကန်ဒေါ်လာ တစ်သန်းနှင့် အမေရိကန်ဒေါ်လာ ၂ဒသမ ၉၃သန်း တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ကူညီမည်ဖြစ်ကြောင်း ဩဂုတ် ၁၁ရက်က တရုတ်နိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

ရုရှားနိုင်ငံ၏ ဒေသ ၁၇နေရာသို့ တောမီးများ ကူးစက်လောင်ကျွမ်းလျက်ရှိသော အဆိုပါနေရာများတွင် လူပေါင်း ၅၀ကျော် သေဆုံးသွားခဲ့ပြီး အိမ်ထောင်စုပေါင်း ၃၅၀၀ အိုးအိမ်မဲ့ ဖြစ်နေရသည်ဟု ပြည်နယ်မီဒီယာများက သတင်းထုတ်ပြန်သည်။

(ယာပုံ) အမ်အင်န်အေ၊ဆင်ဟွာ



# အမေရိကန်နှင့် ဗီယက်နမ်နှစ်နိုင်ငံ အရပ်ဘက်သုံး နျူကလီးယားဆိုင်ရာ ဆွေးနွေး

ဟနွိုင်း ဩဂုတ် ၁၂

အရပ်ဘက်သုံး နျူကလီးယား ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှုကို အမေရိကန်နှင့် ဗီယက်နမ်နှစ်နိုင်ငံ ဆွေးနွေးလျက်ရှိကြောင်း ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးက ဗီယက်နမ်နယူးစ်သတင်းဌာန၌ ဩဂုတ် ၁၀ရက်တွင် ထုတ်ပြန်ကြေညာသည်။

**ဖော်ပြ**

အဆိုပါအရပ်ဘက်သုံး နျူကလီးယား ပူးပေါင်းဆောင်ရွက်ရေးတွင် အမေရိကန်နိုင်ငံအနေဖြင့် နျူလက်နက်မပြန့်ပွားရေး၊ နျူကလီးယား သတင်းအချက်အလက်များ ဖလှယ်ရေး၊ နျူကလီးယားနည်းပညာရပ်တို့နှင့်ပတ်သက်၍ ဆွေးနွေးကြောင်း ဩဂုတ် ၉ရက်က နျူကလီးယားဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ နယင်ဟောင်ဝါ၏ ပြောကြားချက်ကို သတင်းဌာနက ဖော်ပြသည်။

ငြိမ်းချမ်းရေးလုပ်ငန်းများအတွက် ရည်ရွယ်၍ ဗီယက်နမ်နှင့် အမေရိကန် နှစ်နိုင်ငံတို့က ယခုနှစ်အစောပိုင်းက နျူကလီးယားမပြန့်ပွားရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြသည်။

**အမ်အင်န်အေ၊ ဆင်ဟွာ**

# နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် ➤ စုစည်းသည်

## ဂျပန်မြောက်ပိုင်းသို့ မုန်တိုင်းဝင်ရောက်တိုက်ခတ်

*ဂျပန်နိုင်ငံ မြောက်ပိုင်းဒေသသို့ ဩဂုတ် ၁၂ရက် နံနက်က မုန်တိုင်း ဝင်ရောက်တိုက်ခတ်ရာ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ဓာတ်အားကြိုးများ ပြတ်တောက်ခြင်း၊ နေအိမ်အချို့ ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း ဂျပန်အရာရှိများက ပြောကြားသည်။*

## အိန္ဒိယအရှေ့မြောက်ပိုင်း၌ ကူးတို့ယာဉ်နစ်မြုပ်ပြန်

*အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း ဘီဟာပြည်နယ် ကိုစီမြစ်အတွင်း၌ ဩဂုတ်၁၂ ရက် နံနက်က ခရီးသည် ၂၅ဦး တင်ဆောင်လာသော ကူးတို့ယာဉ်တစ်စင်းနစ်မြုပ်ခဲ့ရာ အားလုံးသေဆုံးခဲ့ကြောင်း အိန္ဒိယအရာရှိများက သတင်းထုတ်ပြန်သည်။* **(အောက်ပုံ)**



## အစ္စရေးက အီရန်ကို စတင်တိုက်ခိုက်ဖွယ်မရှိ

***အစ္စရေးတို့က အီရန်အား တိုက်ခိုက်ရန် အစီအစဉ်ရှိသည်ဟု သိရသော်လည်း ၎င်းတို့က စတင်တိုက်ခိုက်ဖွယ်ရှိမည်မဟုတ်ကြောင်း ကျူးဘား သမ္မတဟောင်း ဖီဒယ်လ်ကက်စထရိုက ဩဂုတ် ၁၂ရက်၌ သုံးသပ်ပြောကြားသည်။***

## အင်ဒိုနီးရှားကမ်းလွန်၌ ငလျင်လှုပ်

*အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်း ကမ်းလွန်တွင် ဩဂုတ် ၁၂ရက် နံနက်က ရစ်ချ်တာစကေး ၆ဒသမ၂ရှိ အင်အားပြင်း ငလျင်လှုပ်ခဲ့ကြောင်း၊ ဆူနာမီသတိပေးချက် ထုတ်ပြန်ခြင်းမရှိကြောင်း အင်ဒိုနီးရှား အရာရှိများက ပြောကြားသည်။*

## ပါကစ္စတန်သို့ တူရကီရိက္ခာ အကူအညီပေးမည်

***ပါကစ္စတန်ရေဘေးဒုက္ခသည်များအတွက် တူရကီနိုင်ငံက စားနပ်ရိက္ခာများ အကူအညီပေးမည်ဖြစ်ရာ တူရကီကုန်တင် လေယာဉ်သုံးစင်း ဩဂုတ် ၁၃ရက်နှင့် ၁၇ရက်များတွင် ပါကစ္စတန်သို့ ရောက်ရှိမည်ဖြစ်ကြောင်း တူရကီအရာရှိများက သတင်းထုတ်ပြန်သည်။***

## တရုတ်၌ လေယာဉ်သစ်များ ဝယ်ယူမည်

*တရုတ်လေကြောင်းလိုင်းဖြစ်သည့် ရှီကျန့်အဲလေကြောင်းလိုင်းသည် လေကြောင်းခရီးစဉ်များ ပိုမိုပျံ့သန်းနိုင်ရေးအတွက် အဲဘတ်အေ- ၃၂၀ဂျက်လေယာဉ် ၁၀စင်းကို ဝယ်ယူသွားမည်ဖြစ်ကြောင်း ဩဂုတ် ၁၂ရက်၌ သတင်းထုတ်ပြန်သည်။*

## အစ္စရေးက စစ်ရေးလေ့ကျင့်မှုပြုလုပ်မည်

***အစ္စရေးစစ်ဘက်က ဂိုလန်ကုန်းမြင့်နှင့် လက်ဘနွန်နယ်စပ်အကြား ဒေသတွင် လာမည့်ရက် အနည်းငယ်အတွင်း စစ်ရေးလေ့ကျင့်မှု ပြုလုပ်မည်ဖြစ်ကြောင်း အစ္စရေးစစ်ဘက်က ဩဂုတ် ၁၂ရက်၌ သတင်းထုတ်ပြန်သည်။***

## ဘရာဇီး၌ အမျိုးသမီးဆရာဝန်များ ပိုဝင်ငွေကောင်းနေ

*ဘရာဇီးနိုင်ငံတွင် ဆရာဝန်ဦးရေတိုးပွားလျက်ရှိရာ အမျိုးသမီးဆရာဝန်များသည် လူနာနှင့်လူနာရှင်တို့အတွက် ဆက်ဆံရေးနှင့် ကုသမှုအပိုင်းတို့၌ အောင်မြင်မှုရရှိသဖြင့် ဝင်ငွေကောင်းလျက်ရှိကြောင်း၊ အမျိုးသားဆရာဝန်များထက် ဝင်ငွေ ၁၁ဒသမ၀၆ ရာခိုင်နှုန်း ပိုမိုရရှိကြောင်း ဘရာဇီးအရာရှိများက ဩဂုတ် ၁၂ရက်၌ ပြောကြားသည်။*

## ကူဝိတ်သို့ ပက်ထရီယော့ ဒုံးကျည်များ ရောင်းချမည်

***အရှေ့အလယ်ပိုင်းဒေသ တည်ငြိမ်ရေး အထောက်အကူပြုရန်အတွက် ကူဝိတ်နိုင်ငံသို့ အမေရိကန်က ပက်ထရီယော့ ဒုံးကျည်များ ရောင်းချရန် စီစဉ်နေကြောင်း၊ ငွေကြေးပမာဏမှာ အမေရိကန်ဒေါ်လာ သန်း ၉၀၀တန်ဖိုးဖြစ်ကြောင်း ကူဝိတ်အရာရှိများက ဩဂုတ် ၁၂ရက်၌ ပြောကြားသည်။ ။*** *(အင်တာနက်)*





# ဟိုပုံးမြို့နယ် မိုးစပါး စုပေါင်းမြေသြဇာကြဲပက်ပွဲ အခမ်းအနား
# ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် တက်ရောက်အားပေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဟိုပုံးမြို့နယ် ရန်ကင်းကျေးရွာ ရွှေရင်အေးစပါးစိုက်ခင်း၌ ကျင်းပသည့် မိုးစပါး စုပေါင်းမြေသြဇာကြဲပက်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁၂

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၁၁ ရက်တွင် မိတ္ထီလာ-တောင်ကြီး- ကျိုင်းတုံ-တာချီလိတ်လမ်း၊ တောင်ကြီး-လွိုင်လင်လမ်းအပိုင်း ပြုပြင်ထိန်းသိမ်းခြင်းနှင့် လမ်းသားချဲ့ခြင်း လုပ်ငန်းခွင်သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းလျာထားချက်နှင့် ပြီးစီးမှုအခြေအနေများကို တင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က လိုအပ်သည်များ မှာကြားကာ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။**

### ရင်းရင်းနှီးနှီးတွေ့ဆုံ

ယင်းနောက် ဟိုပုံးမြို့နယ် ရန်ကင်းကျေးရွာ ရွှေရင်အေးစပါးစိုက်ခင်း၌ ကျင်းပသည့် မိုးစပါးစုပေါင်းမြေသြဇာကြဲပက်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ ဟိုပုံးမြို့နယ် (၂၅) ခုတင်ဆံ့ပြည်သူ့ဆေးရုံသို့ ရောက်ရှိ ကြည့်ရှုစစ်ဆေးကာ ဆေးရုံတက်ရောက်၍ ကုသမှုခံယူနေကြသည့် လူနာများအား စားသောက်ဖွယ်ရာများပေးအပ်ပြီး ဆေးရုံအတွက် ဆေးဝါးပစ္စည်းများနှင့် ဆေးပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်းသည်။

### ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဟိုပုံးရေထွက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း အဆင့်မြှင့်ပြုပြင်မွမ်းမံမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ထီသိမ်ရေလှောင်တမံ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက မြို့နေလူထုအတွက် သောက်သုံးရေ ဖြန့်ဝေပေးနိုင်မှုများကို လည်းကောင်း၊ ထီသိမ်ကန်ကြိုးဝိုင်းအတွင်း သစ်တောစိုက်ခင်းများ တည်ထောင်ပြီးစီးမှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ထီသိမ်ရေကူရေလှောင်တမံအတွင်း ရေသိုလှောင် ထားရှိမှုအခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မောက်မယ်မြို့နယ် စဉ့်ဝင်ကျေးရွာအုပ်စု ကျေးရွာစာကြည့်တိုက် ဆောက်လုပ်မည့်မြေနေရာ လင်းခေးခရိုင်ဥက္ကဋ္ဌ ကွင်းဆင်းစစ်ဆေး

**မောက်မယ် ဩဂုတ် ၁၂**

လင်းခေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆွေသည် မောက်မယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသက်ဦးဆွေ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ အယ်လ်စိုးထန်ထူး၊ မြို့နယ်ဦးစီးမှူး ဒေါ်နန်းသန္တာဦးနှင့် ရုံးအဖွဲ့၊ မောက်မယ်မြို့နယ် မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးလှဝင်း၊ ကျေးရွာဥက္ကဋ္ဌ ဦးဘောဂတို့နှင့်အတူ ဇူလိုင် ၂၄ရက်က မောက်မယ်မြို့နယ် စဉ့်ဝင်ကျေးရွာအုပ်စု ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဆောက်လုပ်မည့် မြေနေရာအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြပြီး အဆိုပါမြေနေရာတွင် စံ(၅)ရပ်ညီ ကျေးရွာစာကြည့်တိုက်အား ဆောက်လုပ်နိုင်ရေးအတွက် လျာထားသတ်မှတ် အတည်ပြုမှုများ ဆောင်ရွက်ခဲ့ကြသည်။

### ရှင်းလင်းပြောကြား

ဆက်လက်ပြီး လင်းခေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအယ်လ်စိုးထန်ထူးသည် မောက်မယ်မြို့နယ်ရုံးသို့ သွားရောက်၍ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံကာ ဌာနလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့ဌာန အကြီးအကဲများ၏ မှာကြားချက်များအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးသည် မောက်မယ်မြို့နယ်ရုံး အဆောက်အအုံနှင့် ရုံးတွင်း စာကြည့်တိုက်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(ခရိုင် ပြန်/ဆက်)**



# သက်ကြီးစစ်မှုထမ်းဟောင်းများနှင့် သားသမီးများအား မော်လမြိုင်ကျွန်း၌ ထောက်ပံ့ငွေပေးအပ်

မော်လမြိုင်ကျွန်း ဩဂုတ် ၁၂

**မော်လမြိုင်ကျွန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ အသက် ၇၅နှစ်နှင့် အထက် သက်ကြီးစစ်မှုထမ်းဟောင်းများနှင့် မသန်စွမ်းစစ်မှုထမ်းဟောင်းများအား ထောက်ပံ့ငွေပေးအပ်ပွဲနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် သားသမီးများအား ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲကို ဩဂုတ် ၁ရက် နံနက် ၁၀နာရီက မော်လမြိုင်ကျွန်းမြို့ ဇရာရွှေဝါခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးသက်အောင်(ငြိမ်း)တို့က အမှာစကားပြောကြားကြသည်။**

### ပေးအပ်

ထို့နောက် သက်ကြီးစစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၂၃ ဦးနှင့် မသန်စွမ်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၁၄ဦး၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့်၊ အထက်တန်းဆင့်၊ အလယ်တန်းဆင့်နှင့် မူလတန်းဆင့် ကျောင်းသူ ကျောင်းသား ၄၄ဦးတို့အား ပညာသင်ထောက်ပံ့ငွေကျပ် ၁၁ သိန်းကျော်ကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးသက်အောင်(ငြိမ်း) **(အပေါ်ပုံ)**တို့က ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## မြဝတီရုပ်မြင်သံကြား

**၁၃-၈-၂၀၁၀ (သောကြာနေ့)**

### နံနက်ပိုင်း

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | တရားတော် |
| ၇း၂၀ | ၃။ | အရှင်ဇနကာဘိဝံသထေရုပ္ပတ္တိ ကုသိုလ်ကောင်းမှုပေါင်းစုပြုရာ ပစ္စည်းလေးပါးဒကာ |
| ၇း၂၅ | ၄။ | ဓမ္မပူဇာတေး |
| ၇း၃၀ | ၅။ | မျိုးချစ်တပ်မတော် |
| ၇း၃၅ | ၆။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၄၀ | ၇။ | မြန်မာသံစဉ် ချိုနားဝင် |
| ၇း၅၀ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |

### ညပိုင်း

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၄၀ | ၃။ | မြတ်နိုးကြစေအမျိုးသားအမွေ |
| ၄း၄၅ | ၄။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄း၅၀ | ၅။ | မဟာဂီတ ချိုကြည်မြ |
| ၅း၀၀ | ၆။ | မျိုးချစ်တပ်မတော် |
| ၅း၀၅ | ၇။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၅း၁၅ | ၈။ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၅း၂၀ | ၉။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅း၃၀ | ၁၀။ | သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ ရေထဲမှသက်ရှိတို့၏ဘဝ (အပိုင်း-၁) |
| ၆း၀၀ | ၁၁။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၂၀ | ၁၂။ | အမျိုးသားရေးတေးကဗျာ |
| ၆း၂၅ | ၁၃။ | လျှပ်တစ်ပြက် |
| ၆း၃၀ | ၁၄။ | **ရှာ** ဟာသဇာတ်လမ်းတွဲ |
| ၆း၅၀ | ၁၅။ | စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား |
| ၇း၀၀ | ၁၆။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ** (အပိုင်း-၅၇) |
| ၈း၀၀ | ၁၇။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၈။ | နိုင်ငံတကာသတင်း |
| | ၁၉။ | မိုးလေဝသသတင်း |
| | ၂၀။ | အမျိုးသားရေးတေးကဗျာ |
| | ၂၁။ | ရှင်သန်နေသောသီချင်းများ |
| | ၂၂။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၃။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပဥ္စလက်ပုံရိပ်** (အပိုင်း-၄) |
| | ၂၄။ | ကျွန်းမာခြင်းရဲ့လျှို့ဝှက်ချက် |



**ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးနှင့် ဆိပ်ကမ်းသာဈေးတို့တွင် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် ဆောင်ရွက်ထားရှိမှုကို ဩဂုတ် ၁၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်မောင်၊ ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးသန်းနိုင်နှင့် မီးဘေးကာကွယ်တားဆီးရေးအဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးစဉ်။**

(၁၅၅)

# တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွင့် ကျန်းမာရေးအသိပညာပေး ဟောပြောမှု ကြည့်ရှုအားပေး

**နေပြည်တော် ဩဂုတ် ၁၂**

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွင့်သည် ဩဂုတ် ၄ရက် နံနက်ပိုင်းက မူဆယ်မြို့ မုံးပေါ်ကျေးရွာ၌ ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောနေမှုကို ကြည့်ရှုအားပေးသည်။

**ကြည့်ရှုစစ်ဆေး**

ထိုမှတစ်ဆင့် မုံးပေါ်ကျေးရွာ မိုးစပါးစိုက်ခင်းများ မုံးပေါ်-ကောင်းလုံ- ပန်ဖိတ်လမ်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ပေးအပ်လှူဒါန်း**

ယင်းနောက် မုံးပေါ်တိုက်နယ်ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံတက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေး၍ စားသောက်ဖွယ်ရာများနှင့် အလှူငွေများပေးအပ်လှူဒါန်းကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ညှိနှိုင်းဖြည့်ဆည်း**

ဆက်လက်၍ တိုင်းမှူးသည် မူဆယ်မြို့ နယ်စပ်ကုန်သွယ်ရေးဇုန် စစ်ဆေးရေးစခန်း ကုန်သွယ်ရေးဇုန် အစည်းအဝေးခန်းမ၌ နယ်စပ်ကုန်သွယ်ရေးဇုန်မှ တာဝန်ရှိသူများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**မှာကြား**

ထို့နောက် ပို့ကုန်သွင်းကုန်စစ်ဆေးရေးစခန်းအတွင်း ကုန်ပစ္စည်းများ စနစ်တကျစစ်ဆေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**







# EDIsecure®Card Printer များနှင့် ဆက်စပ်ပစ္စည်းများ မိတ်ဆက်ရှင်းလင်းပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဩဂုတ် ၁၂**

Digital Indentification System Trading Co.,Ltd.၏ EDIsecure®Card Printer များနှင့် ဆက်စပ်ပစ္စည်းများလက်တွေ့သရုပ်ပြ မိတ်ဆက်ရှင်းလင်းပွဲ အခမ်းအနားကို ဩဂုတ် ၁၀ရက် မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ Sakura Tower 20th Floor ၌ ကျင်းပသည်။

**ရှင်းလင်းဖြေကြား**

ရှေးဦးစွာ D.I.S ၏ Business Development ManagerMr.Joe Lo က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် D.I.S Trading Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးကြည်မင်း **(အပေါ်ပုံ)**က နိုင်ငံတကာ၌ EDIsecure®Card များကို နေရာအနှံ့ တွင်ကျယ်စွာ အသုံးပြုနေပုံများ၊ Printer စက်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်မှုများကို လက်တွေ့ သရုပ်ပြမိတ်ဆက် ရှင်းလင်းပြီး စာနယ်ဇင်း ပုဂ္ဂိုလ်များ၏ မေးမြန်းသည်များကို ရှင်းလင်းဖြေကြားသည်။

**ဖြန့်ဖြူးရောင်းချ**

အဆိုပါ EDIsecure® Card Printer စက်များသည် နိုင်ငံတကာအသီးသီးရှိလေဆိပ်များ၊ ဟိုတယ်များ၊ တက္ကသိုလ်များ၊ ကုမ္ပဏီများ၊ ဆေးရုံများ၊ ဘဏ်များ၊ လုံခြုံရေးနှင့်စပ်လျဉ်းသည့် အဖွဲ့အစည်းများ စသည့်နေရာများတွင် အသုံးပြုလျက်ရှိသည့် Germany နိုင်ငံအခြေစိုက် ကုမ္ပဏီဖြစ်သော EDIsecure® Digital Indentification Soluction AG ၏ အဆင့်မြင့်နည်း ပညာများဖြင့် ထုတ်လုပ်ထားသည့် Printer အမျိုးမျိုးနှင့် ဆက်စပ်အသုံးပြုနိုင်သည့် PVC Card အမျိုးမျိုးကို D.I.S Trading Co., Ltd. က မြန်မာပြည်တွင်းသို့ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် လွန်ခဲ့သော သုံးနှစ်ခန့်ကတည်းက တင်သွင်း၍ ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

အဆိုပါ Printer များကို မြန်မာပြည်တွင်းရှိ ဘဏ်များ၊ ဆေးရုံများ၊ ကုမ္ပဏီများ၊ N.G. O အဖွဲ့အစည်းများ၊ Card Printing Service ပေးသောလုပ်ငန်းများ စသည့်နေရာများမှ ဝယ်ယူ အသုံးပြုလျက်ရှိပြီး Customer များ၏ စိတ်ကျေနပ်နှစ်သက်မှုကိုပေးစေသော Printer များ ဖြစ်ကြောင်း သိရှိရသည်။

EDIsecure® Card Printer များနှင့်စပ်လျဉ်း၍ သိရှိလိုပါက D. I. S Trading Co., Ltd. အမှတ်(၁၈၂/၁၉၄-စီ) မြေညီထပ် နှင်းဆီကွန်ဒို ဗိုလ်တထောင်ဘုရားလမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၇၂၂၈၉၇ နှင့် ၇၃၀-၅၈၅၁၄ တို့သို့ ဆက်သွယ်စုံစမ်း ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲ ကျင်းပ

**ပခုက္ကူ ဩဂုတ် ၁၂**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(ပခုက္ကူ)မှ ဦးဆောင်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၆ရက်က ပခုက္ကူမြို့ အထက(၄)ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဥပဒေအရာရှိ ခရိုင်တရားသူကြီး၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပခုက္ကူခရိုင်ဦးစီးမှူး ဦးမြင့်သန်း-၁**(အောက်ပုံ)**နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းတပ်ဖွဲ့တို့က ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေးနှင့်ပတ်သက်၍ လမ်းညွှန်ဆိုင်းဘုတ်များ၊ အချက်ပြအမှတ်သားများကို ပညာပေး ဟောပြော သရုပ်ပြသခဲ့သည်။

အလားတူ ဇူလိုင် ၂၉ရက်က ပခုက္ကူမြို့ အလက(၁)ကျောင်း၌လည်းကောင်း၊ ဇူလိုင် ၃၀ရက်က အလက(၂)ကျောင်း၌လည်းကောင်း ကျောင်းသား ကျောင်းသူများကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေး ပညာပေးဟောပြောပွဲများ ကျင်းပခဲ့ကြသည်။ **(၀၇၀)**



# ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှု ဉာဏ်စမ်းပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် ဩဂုတ် ၁၂**

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏စီစဉ်ကြီးကြပ်မှုဖြင့် ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုဘာသာရပ်လစဉ် Online ဉာဏ်စမ်းပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၁၁ရက် မွန်းလွဲ ၂နာရီက အထက(၁) ကျောင်းခန်းမဆောင်၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ငြိမ်းက အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

**ဆုများချီးမြှင့်**

ထို့နောက် ၂၀၁၀ခုနှစ် ဇူလိုင်လပြိုင်ပွဲတွင် ပထမဆုရ စံပြဖဆပလရပ်ကွက်မှ ဒေါ်မော်မော်အေး၊ဒုတိယဆုရ မလွကုန်းမီးရထားရပ်ကွက်မှ ဦးအောင်ကျော်စိုး၊ တတိယဆုရ ကူးတို့ဆိပ်ရပ်ကွက်မှ မနှင်းအိခင်တို့အား မြို့နယ်ဥက္ကဋ္ဌက ဆုများချီးမြှင့်သည်။ **(၁၂၃)**

# သာစည်မြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၂

**သာစည်မြို့နယ်အသင်း (ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် ပညာရည် ထူးချွန်ဆုပေးပွဲကို ဩဂုတ် ၁၅ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ် (၁၁) ရပ်ကွက် ကံဘဲ့ဘူတာရုံလမ်း အောင်ချမ်းသာကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အသက်(၇၅)နှစ်အထက် ရန်ကုန်မြို့တွင် အမြဲနေထိုင်သည့် သက်ကြီးအသင်းဝင်များနှင့် ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသည့် အသင်းဝင်သားသမီးများ၏စာရင်းကို ဦးကျော်မြင့် ဖုန်း-၀၉-၅၁၅၆၁၃၆၊ ဦးအောင်မျိုး ဖုန်း-၆၆၄၃၅၅၊ ဒေါ်ညွန့်ညွန့်တင် ဖုန်း-၆၃၇၀၀၅တို့သို့ကြိုတင်ဆက်သွယ်ကြရန်နှင့် သာစည်မြို့နယ်သူ မြို့နယ်သားများတက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။**

(မြန်မာ့အလင်း)

# တောင်သာ ဂျီအီးစီသမဝါယမ အစည်းအဝေးကျင်းပ ထူးချွန်ကျောင်းသားများအား ဂုဏ်ပြု

**တောင်သာ ဩဂုတ် ၁၂**

တောင်သာမြို့နယ်၌ ၂၀၁၀ခုနှစ် ဇူလိုင် ၃၀ရက် နံနက် ၁၀ နာရီက ဂျီအီးစီ ပညာရေးမိသားစု သမဝါယမအသင်း လီမိတက်၏ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးရရှိခဲ့သည့် ပညာရေး မိသားစုဝင် ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို တောင်သာမြို့ မင်းစု အလက၌ ကျင်းပရာ ရှေးဦးစွာ ဂျီအီးစီဥက္ကဋ္ဌ ဒေါ်ခင်သောင်းက အမှာစကားပြောကြားပြီး မြို့နယ် သမဝါယမဦးစီးအရာရှိ ဦးခင်မောင်ဆွေက အသင်း၏ တိုးတက်ရာ တိုးတက်ကြောင်းနှင့်စည်းမျဉ်း၊စည်းကမ်းများကို ပြောကြားသည်။ **(ယာပုံ)** ဆက်လက်၍ အသင်းအမှုဆောင်က လုပ်ငန်းအစီရင်ခံစာကို ဖတ်ကြားပြီး ၂၀၀၉-၂၀၁၀ခုနှစ် အသင်း၏ ဘဏ္ဍာရေးရှင်းတမ်းကို ဦးမြင့်ဆွေကဖတ်ကြားသည်။

ထို့နောက် မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဦးခင်မောင်ဆွေက ငါးဘာသာဂုဏ်ထူးရှင်နှင့် သုံးဘာသာ ဂုဏ်ထူးရှင်နှစ်ဦးတို့အားလည်းကောင်း၊ ဂျီအီးစီဥက္ကဋ္ဌ ဒေါ်ခင်သောင်းက နှစ်ဘာသာဂုဏ်ထူးရှင်နှင့် တစ်ဘာသာဂုဏ်ထူးရှင်တို့အား ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**



**နိုင်ငံတစ်ဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

# ပလတ်စတစ်ဆန်ခါပိုက်ဖြင့် ပျိုးထောင်စိုက်ပျိုးမှု နောင်ချိုမြို့၌ သရုပ်ပြ

**နောင်ချို ဩဂုတ် ၁၂**

ကျောက်မဲခရိုင် နောင်ချိုမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ပလတ်စတစ်ဆန်ခါပိုက်ဖြင့် ပျိုးထောင်စိုက်ပျိုးမှု သရုပ်ပြခြင်းအခမ်းအနားကို ဇူလိုင်၁၆ရက် နံနက်ပိုင်းက အုမ္မခါးကျေးရွာအုပ်စု ကွင်းအမှတ်(၆၉) ဦးပိုင်အမှတ်(၂၅) တောင်သူဦးလေးမောင်၏ လယ်မြေ ဖဒသမ ဖစကေ၌ ကျင်းပသည်။

**လက်တွေ့စိုက်ပျိုး**

သရုပ်ပြပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးမင်းထွဋ်က အထွက်ကောင်း မျိုးကောင်းမျိုးသန့်များ သုံးစွဲရေးအတွက် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးပြီး မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဒေါ်နန်းလွင်လွန်စိန်က ပလတ်စတစ်ဆန်ခါပိုက်ပျိုးပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးမှု၏ အကျိုးသက်ရောက်မှုကို ပညာပေး ဆွေးနွေးခဲ့ပြီး လက်တွေ့စိုက်ပျိုးပြသသည်။

**စိုက်ပျိုးမည်**

သရုပ်ပြပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးဝန်ထမ်းများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်တောင်သူ၂၀၀ခန့်တက်ရောက်ခဲ့ပြီး ၂၀၁၀-၂၀၁၁ခုနှစ်အတွင်း နောင်ချိုမြို့နယ်၌ မိုးစပါးစိုက်ဧက ၃၃၂၀၄ ဧက စိုက်ပျိုးမည်ဖြစ်သည်။**(မြို့နယ် ပြန်/ဆက်)**

# စွန့်ဦးတီထွင်လုပ်ငန်းရှင်အတွက် ဟောပြောပွဲကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၂**

စွန့်ဦးတီထွင်လုပ်ငန်းရှင်များအတွက် ဈေးကွက်စီးပွားရေးဟောပြောပွဲကို Wise International School for Executives က ကြီးမှူး၍ ဩဂုတ် ၁၅ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီမှ ညနေ ၄နာရီအထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းနှင့် ရွှေဂုံတိုင်လမ်းဆုံထောင့်ရှိ ယုဇနတာဝါ ၁၀လွှာ အခန်းအမှတ် ၁၀၀၉၌ ကျင်းပမည်ဖြစ်ရာ ဟောပြောပွဲသို့ တက်ရောက်လိုသူများသည် ဖုန်း-၅၅၆၁၈၃၊ ၀၉-၅၁-၅၇၀၃၂ တို့သို့ ဆက်သွယ်စာရင်းပေးနိုင်သည်။

**(မြန်မာ့အလင်း)**

# အတိတ်ကောင်း၊ နိမိတ်ကောင်းကို ဆောင်ကြဉ်းလာသည့် စတုတ္ထမြောက် ဆင်ဖြူတော်ရတနာ

ဝေယံမောင်

ယနေ့ကာလသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် အရေးအကြီးဆုံး အချိန်အခါသမယ ဖြစ်ပါသည်။ ဒီမိုကရေစီ နိုင်ငံတော်သစ်ကို ထုဆစ်အကောင်အထည်ဖော်မည့် ပြည့်သူ့ရဲကောင်းများကို ပြည်သူ့ဆန္ဒနှင့်အညီ ရွေးချယ်တော့မည့် မူဝါဒလမ်းစဉ် (၇)ရပ်၏ ပဉ္စမအဆင့်ဖြစ်သော ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကြီးက မကြာမတင်သောကာလတွင် ကျင်းပတော့မည်ဖြစ်သောကြောင့် ဖြစ်ပါသည်။

ထိုသို့သော အခြေအနေတွင် မင်္ဂလာသတင်းကို သိလိုက်ရပါသည်။

ဆင်ဖြူတော် ထပ်မံထွန်းပေါ်လာပြန်ပြီဟူ၍။

ဆင်ဖြူတော်ရတနာကို ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းမှ ၂၆-၆-၂၀၁၀ရက်တွင် ရရှိခဲ့ခြင်းဖြစ်ပြီး နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်သို့ ၉-၈-၂၀၁၀ရက်တွင် ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။ ၎င်းနေ့တွင်ပင် ထုံးတမ်းစဉ်လာနှင့်အညီ အနန္တရာယိကမင်္ဂလာ (အန္တရာယ်ကင်းမင်္ဂလာ)၊ ဂေဟပဝေသန မင်္ဂလာ (အိမ်တက်မင်္ဂလာ)၊ ဘတ္တာဘုဉ္ဇနမင်္ဂလာ (အစာခွံ့မင်္ဂလာ)၊ ရဝိန္ဒုဒဿနမင်္ဂလာ (နေလပြမင်္ဂလာ)နှင့် နာမကရဏမင်္ဂလာ (အမည်မှည့်မင်္ဂလာ)တို့ကို ဆောင်ရွက်ခဲ့ကြပြီး ဖြစ်ပါသည်။

ယခုအခါ ဘဒ္ဒဝတီဟု အမည်နာမတွင်သည့် ဆင်ဖြူတော် ရတနာသည် အဖော်ဆင်များနှင့်အတူ ဥပ္ပါတသန္တိစေတီတော် ဝတ္တကမြေအတွင်း ပျော်ရွှင်စွာ သွားလာနေထိုင်လျက်ရှိကြောင်း သိရှိရပါသည်။

လက်ငင်းပစ္စုပ္ပန်ကာလ၌ပင် ကမ္ဘာတစ်ဝန်း သဘာဝဘေး အန္တရာယ်အမျိုးမျိုးဖြင့် အခြေအနေဆိုးအဖုံဖုံ ကြုံတွေ့နေရစဉ်တွင် မိမိတို့နိုင်ငံအဖို့မှာမူ ထိုသို့ကပ်ဆိုး၊ ဘေးဆိုးလွတ်ကင်းနေသည့်အပြင် ယခုထပ်မံထွန်းပေါ်လာသည့် ဆင်ဖြူတော်ရတနာကြောင့်လည်း တိုင်းပြည်အေးချမ်းသာယာဝပြောမည့်၊ အမျိုးဘာသာ၊ သာသနာတော် စည်ပင်ပြန့်ပွားမည့် အတိတ်နိမိတ်ကို ဖြစ်စေသည်ဟု တိုင်းသူပြည်သားတို့အနေဖြင့် ယုံကြည်ကာ ကြည်နူးကျေနပ်မှုများ၊ ဝမ်းသာအားရမှုများ ဖြစ်ပေါ်လျက် ရှိနေကြပါသည်။

အမှန်စင်စစ် ဆင်ဖြူတော်ကို အရေးတယူ အလေးမူ မြတ်နိုးခြင်းမှာ ယခုခေတ်မှ စတင်လာခြင်းမဟုတ်ဘဲ သာသနာဝင်ကျမ်းများမှပင် ဆင်းသက်လာခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ ဒီဃနိကာယ မဟာဝဂ္ဂပါဠိတော် မဟာသုဒဿနသုတ်တော်တွင် မဟာသုဒဿနစကြာမင်းသည် စကြာရတနာ၊ ဆင်ရတနာ၊ မြင်းရတနာ၊ ပတ္တမြားရတနာ၊ မိဖုရားရတနာ၊ သူကြွယ်ရတနာ၊ သားကြီးရတနာဟု ရတနာခုနစ်ပါးရရှိခဲ့ရာ ဆင်ရတနာသည် တစ်ပါးအပါအဝင် ဖြစ်ခဲ့ပါသည်။

ထို့အပြင် ဆင်ဖြူတော်တို့သည် မြန်မာ့ယဉ်ကျေးမှုနှင့် သမိုင်းတွင် လွန်စွာအရေးပါခဲ့သည်ကို ဗုဒ္ဓ၏ဇာတ်နိပါတ်တော်များတွင်လည်း တွေ့ရှိရပါသည်။ သာဓကဖော်ပြရလျှင် ငါးရာ့ငါးဆယ်ဇာတ်တော်မှ ဘုရားလောင်း ဆဒ္ဒန်ဆင်မင်းဇာတ်တွင် ဆဒ္ဒန်ဆင်မင်းကို သရုပ်ဖော်ရာ၌ ဆင်ဖြူအသွင်နှင့် သရုပ်ဖော်ခဲ့ကြပါသည်။

ဂေါတမမြတ်စွာဘုရားမဖြစ်မီ နောက်ဆုံးဆယ်ဘဝအနက် ဝေဿန္တရာမင်းကြီးဘဝတွင် အလှူအတန်း၊ အပေးအကမ်းရက်ရောမှုအပေါ် အများပြည်သူတို့ လွန်စွာကြည်ဖြူကျေနပ်ခဲ့ကြသော်လည်း ပြည်သူအများ အမွန်အမြတ်ထားသည့် ဆင်ဖြူတော်ကို ဒါနပါရမီ မြောက်စေရန် လှူဒါန်းလိုက်သောအခါတွင်မူ မင်းကြီးအပေါ် ငြူစူငြိုငြင်ခဲ့ကြသဖြင့် ထီးနန်းကိုပင်စွန့်လွှတ်ကာ မိဖုရားနှင့်သားတော်၊ သမီးတော်တို့ကို ခေါ်ယူပြီး တောထွက်လာခဲ့ရသည်မှာလည်း ကျမ်းကိုးနှင့် အထင်အရှားပင်ဖြစ်ပါသည်။ ထိုလှူဒါန်းလိုက်သည့် ဆင်ဖြူတော် ကလိင်္ဂရာဇ်တိုင်းသို့ ရောက်လျှင်ရောက်ချင်း မိုးခေါင်နေရာမှ မိုးကောင်းစွာရွာသွန်းခြင်း၊ တိုင်းပြည် စည်ပင်သာယာဝပြောလာခြင်းတို့ ဖြစ်စေသည်အထိ ဆင်ဖြူတော်၏ တန်ခိုးအာနုဘော်အား ဖော်ပြထားသည်ကိုလည်း တွေ့ရှိရမည်ဖြစ်ပါသည်။

သုံးလူ့ထွတ်ထား မြတ်စွာဘုရားအဖြစ်သို့ ရောက်ရှိတော်မူမည့်ဘဝတွင် မယ်တော်မဟာမာယာ၌ ထူးခြားသော အိပ်မက်ကောင်းကို မြင်မက်တော်မူရာတွင် ကောင်းကင်ယံမှ ဆင်ဖြူတော်သည် သပြေခက်ကို နှာမောင်းနှင့်ချီလျက် မဟာမာယာ၏ ဝမ်းကိုယ်တွင်းသို့ လက်ယာဘက်မှ ဝင်ရောက်ကိန်းအောင်းသည်ဟု မြင်မက်ခဲ့ပြီး ပုရောဟိတ်ဆရာတို့က ၎င်းအိပ်မက်အပေါ် ထူးမြတ်သော သားရတနာ သန္ဓေတည်ပြီဟု နိမိတ်တော်ဖတ်ခဲ့ကြခြင်းသည်လည်း ဆင်ဖြူတော်အား အလေးအမြတ်ပြုရမည့်၊ အထွတ်အမြတ်ထားရမည့် ဂုဏ်ပုဒ်ကို ပေါ်လွင်ထင်ရှားစေသည်ဖြစ်ပါသည်။

ပုဂံခေတ် သာသနာပြုအနော်ရထာမင်းလက်ထက် အေဒီ ၁၀၅၄နှစ်တွင် သထုံသို့ ချီတက်သိမ်းယူပြီး မနူဟာမင်းပိုင်ဆိုင်သော ပိဋကတ်တော်များ၊ ဘုရားဆင်းတုတော်များ၊ ဓာတ်တော်များစသည့် အထွတ်အမြတ်ပစ္စည်းများကို နေပြည်တော်သို့ ပင့်ဆောင်ခဲ့ရာတွင် ဆင်ဖြူ ၃၂စီးပေါ်တင်၍ ပင့်ဆောင်ခဲ့ကြောင်း သိရှိရပါသည်။ ပုဂံခေတ်နောက်ပိုင်း မြန်မာ့သမိုင်း အဆက်ဆက်တွင်လည်း ဆင်ဖြူ၏ အခန်းကဏ္ဍသည် လွန်စွာအရေးပါပြီး ဆင်ဖြူရရှိသော၊ ဆက်သခံရသော ဘုရင်တို့သည် ဆင်ဖြူတော်ပိုင်ဆိုင်မှုနှင့်အတူ ဩဇာတိက္ကမ ကျော်စောထင်ရှားခြင်း၊ တိုင်းသူပြည်သားတို့မှာလည်း စည်ပင်ဝပြောခြင်း၊ တိုင်းပြည်အေးချမ်းသာယာခြင်းစသည့် ကျက်သရေမင်္ဂလာ အဖြာဖြာဖြင့် တင့်တယ်ပြည့်စုံခဲ့ကြောင်း သမိုင်းတွင် အထင်အရှား တွေ့ရှိရမည် ဖြစ်ပါသည်။

ထို့ကြောင့် ရှေးမြန်မာမင်းအစဉ်အဆက်တို့သည် ဆင်ဖြူတော် ပေါ်လာလျှင်"ဆင်ဖြူရှင်" ဘွဲ့ခံယူခြင်း၊ ဆင်ဖြူတော် မထွန်းပေါ်ပါကလည်း တောင်းယူခြင်း၊ ဆင်ဖြူတော်သတင်းပေါ်ပါက ရှာယူခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်။ ပင်းယခေတ် သီဟသူမင်းသည် ဆင်ဖြူရှင်ဘွဲ့ခံယူလိုသဖြင့် စပုံမြစ်အတွင်း ရေစီး၌မျောပါလာသော ဆင်ဖြူအသေတစ်စီးကိုပင်သယ်ယူ၍ "ရတနာက"တွင် ထူမတ်ပြီး ပွဲသဘင်ဖြင့်"တစ်စီးရှင်ဘွဲ့"ခံယူခဲ့ပါသည်။ ပုဂံခေတ်ပျက်သုဉ်းခါနီး နှောင်းပိုင်းကာလတွင် ဘုရင်"ဥဇနာ"သည် ဆင်ဖြူတော်ပေါ်ထွန်းသည်ဟုသတင်းရ၍ ဆင်ဖြူရှင်ဘွဲ့ခံယူနိုင်ရန် ယခုဒလ၊ တွံတေးတောကြီးတန်းသို့သွားရောက် ဆင်ကျော့ရာမှ မသမာသူတို့လက်ချက်ဖြင့် လုပ်ကြံခံရဖူးကြောင်း သမိုင်းတွင် တွေ့ရှိခဲ့ရပါသည်။ ဆင်ဖြူတော်ကို ပိုင်ဆိုင်လိုစိတ်ဖြင့် နည်းလမ်းအမျိုးမျိုးသုံးကာ ရရှိစေရန်ဆောင်ရွက်ခဲ့မှုများ၊ ဆင်ဖြူကြောင့် မဟာမိတ်ဖြစ်ရပုံ၊ ဆင်ဖြူကြောင့်ပင် ရန်၊ စစ် ကြီးစွာခင်းခဲ့ရပုံတို့ကိုလည်း သီဟိုဠ်၊ မြန်မာ၊ မွန်၊ ယိုးဒယားရာဇဝင်တစ်လျှောက်တွင် များစွာရှိကြောင်း သမိုင်းမှတ်တမ်းများက ပြဆိုလျက်ရှိပါသည်။

ဆင်ဖြူတော်ဟူသည် နိုင်ငံတစ်နိုင်ငံ၊ ခေတ်တစ်ခေတ်၊ သမိုင်းတစ်ကွေ့တွင် ဖြစ်ထွန်းပေါ်ပေါက်ရန်ခဲယဉ်းလှသော ရတနာတစ်ပါးဖြစ်ပါသည်။ ဆင်ကောင်ရေတစ်ထောင်တွင် ဆင်ဖြူတစ်ကောင် တွေ့ရခဲပါသည်။ ဖြူနေသောဆင် ဖြစ်ပင်ဖြစ်ငြားသော်လည်း ဆင်ဖြူတော်တို့၏ ကြန်အင်လက္ခဏာဂုဏ်အင်္ဂါများဖြင့် ပြည့်စုံမှသာ ဆင်ဖြူတော်ဟု သတ်မှတ်နိုင်သည့် ရတနာလည်းဖြစ်ပါသည်။

ဆင်ဖြူတွေ့လျှင် ဥပဒေအရ ဘုရင့်ထံ ဆက်သရကြောင်း၊ ဆင်ဖြူတော်မှန်လျှင် တွေ့ရှိသူကို ဆုချီးမြှင့်ကြောင်း၊ ဆင်ဖြူတော်ကို ဘုရင့်သားတော်အဆင့် သတ်မှတ်ကြောင်း၊ ဘုရင့်တော်ဝင် ဆင်ဖြူတော်ဖြစ်ရန် ၃၁၅ချက်မျှသော စစ်ဆေးမှုမျိုးပင် မြန်မာ့ရာဇဝင်တွင် ရှိခဲ့ကြောင်းနှင့် ဆင်ဖြူတော်မှန်လျှင် အောက်ပါထူးခြားချက်များ တွေ့နိုင်ကြောင်း သိရှိရပါသည်-

(က) မျက်လုံးအိမ်နှင့် မျက်ကြည်လွှာမှာ အဖြူရောင်နှင့် ပန်းရောင်ရှိခြင်း။

(ခ) အာခံတွင်းမှာ ပန်းရောင်ရှိခြင်း။

(ဂ) ပခုံးနှစ်ဖက်တွင် အဖြူ/ပန်းရောင် ရစ်သိုင်းခြင်း။

(ဃ) အစွယ်နှစ်ဖက်ဝန်းရစ်ထားသော အရေပြားအရောင်နှင့် ပခုံးအောက် ချိုင်းတစ်ပိုက် အရေပြားအရောင်တို့ ဆင်တူခြင်း။

(င) လိင်အင်္ဂါများ အဖြူ/ပန်းရောင်ရှိခြင်း။

(စ) ခြေသည်းများ အဖြူ/ပန်းရောင်ရှိခြင်း။

(ဆ) အမွေးများမှာ အလင်းရောင်ခံ၍ကြည့်လျှင် မှန်ကဲ့သို့ အကြည်ရောင်၊ တချို့ပျားရည်အကြည်ရောင် ထွင်းဖောက်မြင်နိုင်ခြင်း။

(ဇ) ခြေသည်း၊ ရင်ဘတ်၊ လည်ရစ် အသားအရောင်သည် ဘေးပတ်လည် အရေပြားအသားရောင်ထက် ဖျော့တော့ခြင်း။

(ဈ) ဦးခေါင်းအတွင်း အနံ့သင်းသော အရည်ထွက်ပေါက်ရှိခြင်း။

(ည) ခန္ဓာကိုယ်ရှိ ချွေးထွက်ပေါက် တစ်ပေါက်မှာ အမွေးနှစ်ချောင်းပူး၊ တစ်ခါတစ်ရံ လေးချောင်းပူးထွက်ရှိပြီး အမွေးနှစ်ချောင်းပူး လေးစုံအထိ ထွက်ပေါ်နိုင်ခြင်း။

(ဋ) ကိုယ်အရောင်မှာ အုန်းခွံရောင်နှင့် မီးခိုးပြာရောင် ရောစပ်ထားသော (Chestnut Gray)အရောင်ရှိခြင်း။

(ဌ) သင်းသော ကိုယ်နံ့ရှိခြင်း။

(ဍ) အိပ်စက်သည့်အခါ မင်္ဂလာရှိသော အရပ်မျက်နှာသို့ ခေါင်းတည်အိပ်ခြင်း။

(ဎ) အိပ်စက်စဉ် ညင်သာသော ဟောက်သံသာပြုခြင်း။

(ဏ) ဆင်ပေါက် (Baby Elephant) နို့စို့အရွယ်ငယ်ဖြစ်ပါက မန်ကျည်းသီးမှည့် လေးကီလိုမျှကို ရေနှင့်ဖျော်၍ ညဦးပိုင်း ကိုယ်အနှံ့လိမ်းပေးပြီး မိုးလင်းမှ ရေသန့်စင်ပေးလျှင် မူလဆင်ဖြူတော် အရောင်အသွေးကို ထင်ရှားတွေ့မြင်နိုင်ခြင်း။

ပုဂံခေတ် ပထမမြန်မာနိုင်ငံတော်ကို အောင်မြင်စွာ ထူထောင်နိုင်ခဲ့သည့် အနော်ရထာမင်းသည် လည်းကောင်း၊ တောင်ငူခေတ် ဒုတိယမြန်မာနိုင်ငံတော်ကို အောင်မြင်စွာ ထူထောင်နိုင်ခဲ့သည့် ဘုရင့်နောင်မင်းတရားသည် လည်းကောင်း၊ ကုန်းဘောင်ခေတ် တတိယမြန်မာနိုင်ငံတော်ကို အောင်မြင်စွာထူထောင်နိုင်ခဲ့သည့် အလောင်းမင်းတရားသည်လည်းကောင်း ဆင်ဖြူများရှင် မင်းတရားကြီးများ ဖြစ်ခဲ့ကြပါသည်။

ထိုသို့သော ရတနာဆင်ဖြူတော်များ ပိုင်ဆိုင်သည့် ခေါင်းဆောင်များပီပီ ၎င်းမင်းတရားကြီးများ၏ လက်ထက်တွင် ပြည်ထောင်စုကြီးသည် တစ်စုတစ်စည်းတည်း ခိုင်ဖီးအားကြီး အစဉ်အလာနှင့် လည်းကောင်း၊ ပြည်ထောင်စုတွင်း နေထိုင်မှီတင်းကြသော တိုင်းရင်းသားအပေါင်းတို့သည် ဥမကွဲ၊ သိုက်မပျက် စည်းလုံးချစ်ခင်စွာဖြင့် အေးချမ်းသာယာသောဘဝကို ပိုင်ဆိုင်လျက် မတောင့်မတ၊ မကြောင့်မကြ လှူနိုင်တန်းနိုင်၊ ပေးနိုင်ကမ်းနိုင်သည့် အခြေအနေမျိုးတွင် လည်းကောင်း၊ ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့်အဆင်းနှင့် ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ကြငှန်းနှင့် ကိုယ့်ပြည်ကိုယ့်ရွာ၊ ကိုယ့်အချုပ်အခြာနှင့်လည်းကောင်း၊ နိုင်ငံတကာမှ လေးစားရသည့် ခန့်ညားသော ဂုဏ်ဒြပ်ဖြင့် ဝင့်ထည်မားမတ် ရပ်တည်နိုင်ခဲ့ကြပါသည်။

ထိုနည်းတူ ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင်လည်း ဆင်ဖြူတော်များ ပေါ်ထွန်းခဲ့လေရာ ယခု ရောက်ရှိလာသည့် ဆင်ဖြူတော်အပါအဝင် ဆင်ဖြူတော် (၄)စီးအထိ ရှိခဲ့ပြီးဖြစ်ပါသည်။

ကုန်းသတ္တဝါအပေါင်းတို့တွင် ကိုယ်ထည်အကြီးဆုံးဖြစ်သည့်၊ ခွန်အားလည်း အကြီးဆုံးဖြစ်သည့် ဆင်တို့သည် ရှေးအခါက ကမ္ဘာ့မြောက်ဘက်ခြမ်း၌ ကျက်စားခဲ့ပြီး ယခုအခါ ထိုဆင်ကြီးမျိုးမှ ဆင်းသက်လာသော အာဖရိကတိုက်ဆင်မျိုးနှင့် အာရှတိုက်ဆင်မျိုး နှစ်မျိုးကိုသာလျှင် တွေ့ရှိနိုင်တော့သည်ဖြစ်ပါ၏။ အာဖရိကဆင်မျိုးသည် အာဖရိတိုက်အတွင်းဘက်ကျသော တောနက်ကြီးများ၌ ကျက်စားလေ့ရှိပါသည်။ အာရှတိုက်ဆင်မျိုးမှာမူ အိန္ဒိယဆင်မျိုးဟူ၍လည်းခေါ်ကြပြီး ထိုဆင်မျိုးကို အိန္ဒိယနိုင်ငံ၌သာမဟုတ်ဘဲ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ သီဟိုဠ်ကျွန်း၊ ဆူမတြားကျွန်း၊ မာလာယုကျွန်းဆွယ် အရပ်တို့တွင်လည်း အနှံ့အပြား တည်ရှိနေကြပါသည်။

၁၉၉၄ခုနှစ် စာရင်းများအရ အာရှတိုက်တွင် ဆင်ကောင်ရေ ၁၇၀၀၀ခန့်ရှိကြောင်း၊ မြန်မာနှင့် အိန္ဒိယတွင် ၈၀ရာခိုင်နှုန်းခန့်ရှိပြီး ကျန်ဆင်များမှာ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ နီပေါ၊ သီရိလင်္ကာ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအိုနှင့် တရုတ်(ယူနန်)တို့တွင်ရှိကြောင်း သိရှိရပါသည်။ သို့သော် မည်သည့်နိုင်ငံ၊ မည်သည့်နေရာ၊ မည်သည့်လူမျိုးထံကမှ ဆင်ဖြူတော်ပေါ်ထွက်သည့် သတင်းကြားသိခဲ့ရခြင်းမရှိပါ။ *(ဆက်လက်ဖော်ပြပါမည်။)*

**ဆင်ဖြူတော်ဟူသည် နိုင်ငံတစ်နိုင်ငံ၊ ခေတ်တစ်ခေတ်၊ သမိုင်းတစ်ကွေ့တွင် ဖြစ်ထွန်းပေါ်ပေါက်ရန် ခဲယဉ်းလှသော ရတနာတစ်ပါးဖြစ်။ ဆင်ကောင်ရေ တစ်ထောင်တွင် ဆင်ဖြူတစ်ကောင် တွေ့ရခဲ။ ဖြူနေသောဆင် ဖြစ်ပင်ဖြစ် ငြားသော်လည်း ဆင်ဖြူတော်တို့၏ ကြန်အင်လက္ခဏာ ဂုဏ်အင်္ဂါများဖြင့် ပြည့်စုံမှသာ ဆင်ဖြူတော်ဟု သတ်မှတ် နိုင်သည့် ရတနာလည်းဖြစ်။**





# ပဲခူးတိုင်း မိုးစပါးရေတော်မိုးတော်ထွန်တုံးပိတ်ပွဲ ဒုတိယဗိုလ်ချုပ်ကြီးကိုကို တက်ရောက်အမှာစကားပြောကြား ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ဆုများပေးအပ်ချီးမြှင့်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို ပဲခူးမြို့နယ် ကမာနက်ကျေးရွာ၌ ကျင်းပသည့် ၂၀၁၀ခုနှစ် ပဲခူးတိုင်း မိုးစပါးရေတော်မိုးတော် ထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ အခမ်းအနားတွင် ကောက်စိုက်စွမ်းရည်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁၂

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှမင်းနှင့်အတူ ဩဂုတ် ၉ရက်တွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံရာ ရှေးဦးစွာ ပဲခူးမြို့နယ်ဥက္ကဋ္ဌက ဒေသဆိုင်ရာ အချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။**

## မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက လိုအပ်သည်များ မှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် ဩဂုတ် ၁၀ရက်တွင် ပဲခူးတိုင်း ပဲခူးမြို့နယ် ကမာနက်ကျေးရွာ စိုက်ပျိုးရေးမျိုးသန့်ခြံရှိ ယာယီမဏ္ဍပ်၌ ကျင်းပသည့် ၂၀၁၀ခုနှစ် ပဲခူးတိုင်း မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားပြီး ဆုများချီးမြှင့်သည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက အမှာစကားပြောကြားရာ၌ နိုင်ငံတော်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများနှင့် လယ်သမားများ ဟန်ချက်ညီပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်းဖြင့် အကျယ်တဝင့် ပြောကြားသည်။

ထို့နောက် တိုင်းမှူးက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

## ကြည့်ရှုအားပေး

ယင်းနောက် ပဲခူးတိုင်း ၂၀၁၀-၂၀၁၁ခုနှစ် ရေတော်မိုးတော်မိုးစပါး ကွင်းပိတ်အစီရင်ခံစာများကို တောင်ငူ၊ ပဲခူး၊ ပြည်နှင့် သာယာဝတီခရိုင်တို့မှ ခရိုင်ဥက္ကဋ္ဌများက တိုင်းမှူးထံ ပေးအပ်ကြပြီး ပြိုင်ပွဲဝင် ကောက်စိုက်လုံမေ အသင်းများက ကောက်စိုက်စွမ်းရည်ပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကြရာ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ တိုင်းမှူးနှင့်တာဝန်ရှိသူများသည် ကောက်စိုက်စွမ်းရည်ယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ဆက်လက်၍ ငါးလုပ်ငန်းဦးစီးဌာန ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကိုကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ငါးမျိုးများကို စပါးခင်းများအတွင်း စိုက်ထည့်ပေးကြပြီး စိုက်ပျိုးရေးပညာပေးဆိုင်ရာ ပြခန်းများနှင့် စပါးပျိုးထောင်မှု သရုပ်ပြကွက်များကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

## ဆုချီးမြှင့်

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက တိုင်းအဆင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ယှဉ်ပြိုင်ဆုရ အသင်းများအား ဆုများကို ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက တိုင်းအဆင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးခရိုင်(က)အသင်းအား ဆုပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တာဝန်ရှိသူများက ဂုဏ်ပြုဆုရရှိသူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် အဖွဲ့ဝင်များသည် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ပြိုင်ပွဲဝင်အသင်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် ပဲခူးတိုင်း သနပ်ပင်မြို့နယ် အားကစားခန်းမ၌ ဒေသဆိုင်ရာ အာဏာပိုင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌက ဒေသဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက လိုအပ်သည်များ မှာကြားသည်။

## ပေးအပ်

ဆက်လက်၍ သနပ်ပင်မြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးကုသမှုခံယူနေကြသော လူနာများအား ထောက်ပံ့ငွေများပေးအပ်ကာ ကဝ မြို့နယ် အုန်းနဲ့စံပြကျေးရွာ တိုက်နယ်ဆေးရုံကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကဝမြို့နယ် အုန်းနဲ့စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိစစ်ဆေးပြီး ကဝမြို့နယ်ခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံကာ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် အဖွဲ့ဝင်များသည် ပဲခူးမြစ်ကူးတံတား(ကဝ)သို့ ရောက်ရှိကြပြီး မြစ်ကြောင်းစီးဆင်းမှုအခြေအနေ၊ မြစ်ကမ်းပါးရေတိုက်စားမှုမှ ကာကွယ်ထိန်းသိမ်းထားမှု အခြေအနေနှင့် တံတားကြံ့ခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၂

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီ၏အမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီက ဩဂုတ် ၁၁ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီတည်ထောင်ခွင့် လျှောက်ထားခဲ့ပြီး ယင်း၏ လျှောက်ထားချက်သည် ဥပဒေ၊ နည်းဥပဒေများနှင့်ညီညွတ်ကြောင်းတွေ့ရှိရသဖြင့် ကော်မရှင်က ဩဂုတ် ၁၂ရက်တွင် နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုခဲ့သည်။

ယင်းသို့ နိုင်ငံရေးပါတီတည်ထောင်ခွင့်ရရှိပြီးသော ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီက ၂၀၁၀ပြည့်နှစ် ဩဂုတ် ၁၂ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့် လျှောက်ထားသည်။

ယနေ့အထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့် အဖွဲ့ (၄၇)ဖွဲ့ရှိပြီး နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ (၄၁)ပါတီရှိရာတွင် ပါတီ (၄၀)ကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယင်းတို့၏ ပါတီဝင်အင်အားစာရင်းများ လာရောက်တင်ပြ

နေပြည်တော် ဩဂုတ် ၁၂

နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၃(က)နှင့်အညီ ယင်းတို့ စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်းများကို မှတ်ပုံတင်ခွင့်ရရှိသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရန်ရှိရာ ၁၂-၈-၂၀၁၀ရက်နေ့တွင် ချင်းအမျိုးသားပါတီ (Chin National Party) က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း လာရောက်တင်ပြခဲ့သည်။

ယနေ့အထိ ကော်မရှင်က မှတ်ပုံတင်ခွင့်ပြုပြီးသည့် ပါတီ (၄၀)ရှိရာတွင် သတ်မှတ်ရက်အတွင်း ပါတီဝင်အင်အားစာရင်း တင်ပြပြီးသည့်ပါတီမှာ (၁၄)ပါတီရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဆမ်ဆောင်းနည်းပညာမြင့် အီလက်ထရွန်နစ်ပစ္စည်းများ ရန်ကုန် ကုန်စည်ပြပွဲ ၂၀၁၀၌ ပါဝင်ပြသ

ရန်ကုန် ဩဂုတ် ၁၂

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဩဂုတ် ၁၂ရက်မှ ၁၅ရက်အထိ Yangon Expo 2010 ကုန်စည်ပြပွဲကို (၇)ကြိမ်မြောက် ခင်းကျင်းပြသလျက်ရှိရာ SAMSUNG (AA Electronics Ltd.) မှ ကမ္ဘာပေါ်တွင် နံပါတ်(၁) စီးပွားရေးဈေးကွက် ရှယ်ယာအများဆုံးရရှိထားသော နည်းပညာမြင့်မားသည့် SAMSUNG အီလက်ထရွန်နစ်ပစ္စည်းများ၊ ရုပ်ထွက်ကြည်လင်ပြတ်သားပြီး လျင်မြန်စွာ လှုပ်ရှားနေသော ပုံရိပ်များကို ထစ်ငေါ့ခြင်းမရှိသည့် LED, LCD, Plasma TV များ၊ Slim Fit TV များ၊ DVD Player များ၊ နောက်ဆုံးပေါ် Digital Camera အမျိုးမျိုး၊ Air Conditioner, Refrigerater၊ Washing Machine များကို ခင်းကျင်းပြသ ရောင်းချပေးလျက်ရှိသည်။ **(အပေါ်ယာပုံ)**




## ထိန်းချုပ်ပေး

SAMSUNG လေအေးပေးစက်များတွင် Silver Nano လေစစ်ဆန်ခါများက ဗက်တီးရီးယားကို ၉၉ရာခိုင်နှုန်းအထိ သုတ်သင်ဖယ်ရှားပေးခြင်း၊ ပတ်ဝန်းကျင်ကိုလည်း သန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေးနှင့်သင့်လျော်သော အေးမြသည့်လေများ ထုတ်လွှတ်ပေးခြင်း၊ မီးပျက်ပြီး မီးပြန်လာလျှင်လည်း အလိုအလျောက် လုပ်ဆောင်ပေးသော စနစ်ပါဝင်ခြင်းနှင့် လေအေးပေးစက်အသုံးပြုနေစဉ် မီးအားအတက်အကျဖြစ်သွားလျှင်လည်း အလိုအလျောက်ထိန်းချုပ်ပေးသောစနစ် (Voltage Protecter) ကြောင့် Volt အား ၁၅၀မှ ၄၀၀အတွင်း အအေးအားပြတ်တောက်သွားခြင်းမရှိဘဲ သုံးစွဲနိုင်သော နည်းပညာများစနစ် ပါဝင်သည်။

## အချိန်ကုန်သက်သာ

SAMSUNG (အဝတ်လျှော်စက်)များတွင် အဆင့်မြင့် နောက်ဆုံးပေါ် နည်းပညာသုံး Diamond Drum ကြောင့် အဝတ်နှင့် ချည်စ၊ ပိတ်စများကို မပျက်စီးစေခြင်း၊ အဝတ်အစားများကို လက်ဖြင့် လျှော်သကဲ့သို့ ကြေးပြောင်စင်ခြင်းနှင့် Air Turbo Drying System ပါရှိသည့်အတွက် အဝတ်များကိုလျင်မြန်စွာ ခြောက်သွေ့စေပြီး အချိန်ကုန်သက်သာစေသည်။

Slim Fit TV (ရုပ်မြင်သံကြားဖမ်းစက်)များသည်လည်း ရုပ်ထွက်ကြည်လင်ပြတ်သားပြီး အသံပိုင်း Design၊ နည်းပညာပိုင်းများတွင် ပိုမိုကောင်းမွန်ခြင်းကြောင့် ဈေးကွက်တွင်လည်း ရောင်းအားကောင်းလျက်ရှိသည်။

## ဝယ်ယူနိုင်

SAMSUNG အီလက်ထရွန်နစ်ပစ္စည်းများအား AA Electronics Ltd. က မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းဖြန့်ချိပေးပြီး ၄င်းပစ္စည်းများကို ရန်ကုန်မြို့ အမှတ် ၄၀၈/၄၁၀ မဟာဗန္ဓုလလမ်း အမှတ် ၁၄၆/၁၅၂ ပန်းဆိုးတန်းလမ်း အမှတ် ၃၁၇ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊ မန္တလေးမြို့ အမှတ် ၅၈ ၈၄လမ်း (၂၅လမ်း × ၂၆ လမ်းကြား) နှင့် နေပြည်တော် အမှတ် ၁၀/၆၁ က) ဗိုလ်တာရာလမ်း အရောင်းပြခန်းများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဩဂုတ် ၁၂

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄နာရီအတွင်းက ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

**ဩဂုတ် ၁၃ရက် ညနေအထိ ခန့်မှန်းချက်မှာ** ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

# နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၁၂

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ် ကျင်းပသည့် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို ယနေ့ညနေ ၄နာရီတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပရာ နေပြည်တော် ဘောလုံးအားကစားပြိုင်ကွင်းတွင် ကျင်းပသောပွဲစဉ်၌ (ခခ)အုပ်စုမှ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်းက သတ္တုတွင်းဝန်ကြီးဌာနအသင်းကို ငါးဂိုး - တစ်ဂိုးဖြင့် လည်းကောင်း၊ နေပြည်တော်ပေါင်းလောင်း ဘောလုံးအားကစားပြိုင်ကွင်းတွင် ကျင်းပသောပွဲစဉ်၌ (ခခ)အုပ်စုမှ အလုပ်သမားဝန်ကြီးဌာနအသင်းက ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

## ယှဉ်ပြိုင်ကစားမည်

ဩဂုတ် ၁၃ရက် ပွဲစဉ်များအဖြစ် နေပြည်တော် အားကစားပြိုင်ကွင်း၌ (ဂဂ)အုပ်စုမှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းနှင့် သမဝါယမဝန်ကြီးဌာနအသင်း၊ နေပြည်တော်ပေါင်းလောင်း အားကစားပြိုင်ကွင်း၌ (ဂဂ)အုပ်စုမှ အားကစားဝန်ကြီးဌာနအသင်းနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

# လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများ ကျွမ်းကျင်မှုသင်တန်းဖွင့်
# ဝန်ကြီး ဦးခင်မောင်မြင့် တက်ရောက်ချီးမြှင့်

နေပြည်တော် ဩဂုတ် ၁၂

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဦးခင်မောင်မြင့်သည် ဩဂုတ် ၁၀ရက် နံနက် ၁၀နာရီက နေပြည်တော်ရှိ ဝန်ကြီးရုံးသင်တန်းခန်းမ၌ကျင်းပသော မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများ အခြေခံလုပ်ငန်းကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်(၁/၂၀၁၀)သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူ အမှုထမ်း ၆၀တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ နှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ဆောက်လုပ်ရေး ဒုတိယဝန်ကြီး ဦးမြင့်သိန်း
# သင်တန်းများဖွင့်ပွဲ၌ အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၁၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမြင့်သိန်းသည် ဩဂုတ် ၁၀ရက် နံနက် ၉နာရီက ရန်ကုန်မြို့ရှိ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)၌ကျင်းပသည့် လမ်းအရည်အသွေး စမ်းသပ်တိုင်းတာ ကွပ်ကဲခြင်း (အင်ဂျင်နီယာ) သင်တန်းနှင့် လက်ထောက်အင်ဂျင်နီယာ(ရေ/သန့်) အခြေခံသင်တန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

**ကြာမြင့်**

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၄၅ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ဘားအံမြို့ ဇွဲကပင်ပန်းခြံအတွင်း ဌာနဆိုင်ရာဝန်ထမ်းများနှင့် အဖွဲ့ဝန်ထမ်းများ စုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေခြင်းကို ဩဂုတ် ၆ရက်က ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးတင်ကို ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ်စည်ပင်)

# စလင်းမြို့၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

စလင်း ဩဂုတ် ၁၂

မကွေးတိုင်း စလင်းမြို့နယ်တွင် သစ်ပင်စိုက်ပျိုးပွဲကို မြို့ဝင် မြေကွက်လပ်၌ ဇူလိုင် ၃ရက်က ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှထွန်း **(အပေါ်ပုံ)**၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး သိန်းအောင်၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့အမှုဆောင်အရာရှိ ဦးတင်မောင်သန်း၊ သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရကျော်၊ စိမ်းစိုဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးငွေဝင်းတို့က စတင်စိုက်ပျိုးဖွင့်လှစ်ပေးပြီး လူမှုရေးအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ သစ်တောနှင့် စိမ်းစိုဝန်ထမ်းများ စုပေါင်း၍ ကျွန်းပျိုးပင် ၁၀၀နှင့် ယူကလစ်ပျိုးပင် ၁၀၀၀တို့ကို စုပေါင်းစိုက်ပျိုးကြသည်။ **(မြို့နယ် ပြန်/ဆက်)**



ရန်ကုန် ဩဂုတ် ၁၂

# ကုန်ပစ္စည်းမိတ်ဆက်ပွဲ ကျင်းပမည်

Concordia Int'l Co., Ltd. က နောက်ဆုံးပေါ် နည်းပညာအရည်အသွေးမြင့် Japan နိုင်ငံထုတ် Topcon အမှတ်တံဆိပ် Differential GPS (RTK) နည်းပညာနှင့် အခြားမြေတိုင်းပစ္စည်းများ မိတ်ဆက်ရှင်းလင်းပွဲကို ဩဂုတ် ၁၃ရက် မွန်းလွဲ ၂နာရီမှ ညနေ ၄နာရီအထိ မန္တလေးမြို့ Sedona Hotel အမရပူရခန်းမ၌ ကျင်းပမည်ဖြစ်သည်။

**မိတ်ဆက်ရှင်းလင်း**

အခမ်းအနားတွင် Concordia Int'l Co., Ltd. က တင်သွင်းဖြန့်ဖြူးသော ဂျပန်နိုင်ငံထုတ် Topcon အမှတ်တံဆိပ် (RTK) စနစ်သုံး DGPS များ၊ Geodetic Total Station များ၊ GIS လုပ်ငန်းသုံး လက်ကိုင် GPS များ၊ Digital Theodolite များ၊ Autolevel များအပြင် Civilcad Software များအကြောင်းကို မိတ်ဆက်ရှင်းလင်းမည်ဖြစ်သည်။

**သုံးစွဲ**

Topcon DGPS (RTK) တိုင်းတာရေးစနစ်ဖြင့် လမ်းအူကြောင်းရှာဖွေခြင်း လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ကွန်တိုမြေပုံရေးဆွဲခြင်းလုပ်ငန်းများတွင် အချိန်၊ လူအင်အားသက်သာစွာ အသုံးပြုနိုင်ခြင်း၊ $L_1$, $L_2$ dual Frequency ဖြစ်သောကြောင့် တိုင်းတာမှုအဖြေမှာလည်း မီလီမီတာအဆင့်အထိ တိကျမှုရှိခြင်းတို့ကြောင့် တစ်ကမ္ဘာလုံးတွင် တွင်ကျယ်စွာသုံးစွဲလျက်ရှိသည်။

**လူကြိုက်များ**

Topcon အမှတ်တံဆိပ် GPT 7500 Series သည် Reflector မပါဘဲ လူသွားလူလာရန် ခက်ခဲသောနေရာများနှင့် မည်သည့်အရာဝတ္ထုကိုမဆို တိုင်းတာနိုင်ခြင်း၊ Touch Screen ပါခြင်း၊ USB Key ဖြင့်တိုင်းတာပြီး Data များကို Download/Upload ပြုလုပ်နိုင်သည်။ GTS 235 N မှာလည်း တိုင်းတာသည့် အမှတ် ၂၄၀၀၀ တိုင်းတာနိုင်သည့်အပြင် Single Prism ဖြင့် နှစ်မိုင်ပတ်လည်ရှိ အရာဝတ္ထုများ၏ ကိုဩဒိနိတ်နှင့် အကွာအဝေးကို တိုင်းတာနိုင်ခြင်း၊ New Road Software ပါရှိခြင်းကြောင့် လမ်းအူကြောင်းတိုင်းတာမှုတွင် အလွန်အသုံးဝင်သောပစ္စည်းဖြစ်သည်။ TKS 202 မှာ ဈေးနှုန်းသက်သာခြင်း၊ ဘက်ထရီအစားနှုန်းသက်သာခြင်း၊ Single Prism ဖြင့် မီတာ ၂၀၀တိုင်းတာနိုင်ပြီး အိမ်နီးချင်းနိုင်ငံများတွင် လူကြိုက်များသော Topcon နည်းပညာလုပ် Total Station ဖြစ်သည်။

**ပြုလုပ်ပေး**

Topcon အမှတ်တံဆိပ် Civilcad Software သည် ကိုဩဒိနိတ် အမှတ်များကို အခြေခံ၍ ကွန်တိုရေးဆွဲခြင်း၊ Cross Section ရေးဆွဲခြင်း၊ Volume Calculation တွက်ပေးခြင်းနှင့် ဒီဇိုင်းလုပ်ငန်းများကို အချိန်တိုရေးဆွဲခြင်း ပြုလုပ်ပေးနိုင်သည်။

**ဆက်သွယ်မေးမြန်း**

အထက်ဖော်ပြပါ မြေတိုင်းပစ္စည်းများသည် မြန်မာနိုင်ငံရာသီဥတုနှင့် ကိုက်ညီသည့် ရေစိုခံခြင်း၊ ဖုန်နှင့်သဲဒဏ်ခံနိုင်ခြင်းကြောင့် အလွန်ခံနိုင်ရည်မြင့်မားသော ပစ္စည်းများဖြစ်သည်။ စက်အားလုံးအတွက် တစ်နှစ်အာမခံပေးထားသည့်အပြင် Service Centre များကို ရန်ကုန်တွင် ရွှေဂုံပလာဇာ ကမ္ဘာအေးစေတီလမ်း ဗဟန်းမြို့နယ် ဖုန်း- ၀၁-၅၄၄၈၂၄၊ ၅၅၈၁၇၀၊ ၅၄၀၀၂၆၊ ၇၃၀-၀၉၂၂၃၊ ဖက်စ် -၅၄၄၁၉၉၊ မန္တလေးတွင် SY အဆောက်အအုံ လမ်း ၃၀ (၇၇)လမ်းနှင့် (၇၈)လမ်းကြား ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၂-၃၆၄၇၈၊ ၆၉၃၀၃၊ ၀၉-၅၀-၆၇၁၇၂၊ နေပြည်တော်တွင် သီရိရတနာအဆင့်မြင့်ဈေး ဖုန်း-၀၆၇-၄၂၀၈၁၉နှင့် ၄၂၁၃၆၂ တို့သို့ ဆက်သွယ်မေးမြန်း ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၈-၂၀၁၀ (သောကြာနေ့)

**နံနက်ပိုင်း**

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော် အာဠနာဋိယသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ဝိပဿနာလုပ်ငန်းစဉ် တရားတော်** (ဆရာတော် အရှင်အဂ္ဂသာရ)
- ၆:၅၀ ထင်ရှားဖူးမြော် ပင်းတယရွှေဥမင် သဘာဝလိုဏ်ဂူတော်
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၇၆)
- ၈:၄၀ Hip Hop Acoustics Live Show (Part-2)
- ၉:၂၅ IBTC(Group) မှ ကျောင်းဆောင် သစ်ပေးအပ်လှူဒါန်းပွဲ (ပုသိမ်မြို့)
- ၉:၄၀ Movie Talk (ဒါရိုက်တာ-ကြည်စိုးထွန်း၊ နှင်းဆီ) (အပိုင်း-၁)
- ၁၀:၂၅ Activities in the City (မသန်စွမ်းသူများဘဝမြှင့်တင်ရေး အဖွဲ့၏ (၆)နှစ်မြောက် နှစ်ပတ်လည် အခမ်းအနား)
- ၁၀:၄၀ HIV/ AIDS ရောဂါ ကာကွယ်တိုက်ဖျက်ရေး (အပိုင်း-၂)(ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာဝင်းမောင်၊ ဒေါက်တာ ခင်ဥမ္မာစံ၊ ဒေါက်တာတင်အောင်စော၊ ဒေါက်တာလှမြင့်)
- ၁၁:၀၅ စေတနာအစွမ်းဖြင့် လင်းကြစေသောဝ်
- ၁၁:၂၀ အနာဂတ်ရဲ့အလင်းရောင်
- ၁၁:၄၅ VJ Choice
- ၁၂:၁၀ **စက်မှုဇုန်မှာ ကျွန်မ စက်ရုံလာတည်တော့မယ်** ဖြိုးငွေစိုး၊ သဇင်၊ မိုးဒီ၊ ခင်မို့မို့အေး၊ [ဒါရိုက်တာ-တင်အောင်ရွှေ (သုတေသီ)]
- ၁၂:၂၀ သီးနှံစိုက်ပျိုးအထွက်တိုး စပါးပန်းတိုင်အထွက်နှုန်း
- ၁၂:၃၀ သာသနာအလင်းဆောင်မည် ဓမ္မရောင်ခြည်
- ၁:၀၀ **ဝိပဿနာလုပ်ငန်းစဉ် တရားတော်** (ဆရာတော် အရှင်အဂ္ဂသာရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ သူတို့ပြောတဲ့ သူတို့အကြောင်း သရုပ်ဆောင်တိမ်ညွန့်နှင့် တွေ့ဆုံခြင်း (အပိုင်း-၂)
- ၃:၁၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၇၆)
- ၄:၁၀ မူဟန်ကိုယ်စီတေးကိုသီ
- ၄:၂၅ IBTC(Group)မှ ကျောင်းဆောင် သစ်ပေးအပ်လှူဒါန်းပွဲ (ပုသိမ်မြို့)
- ၄:၄၀ သမဝါယမကောလိပ် (ဖောင်ကြီး) မြတ်ဆရာကန်တော့ပွဲ
- ၅:၀၅ HIV/ AIDS ရောဂါ ကာကွယ်တိုက်ဖျက်ရေး (အပိုင်း-၂)
- ၅:၃၀ MNL Preview
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Hip Hop Acoustics Live Show (Part-3)
- ၇:၀၅ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာကောင်းမြတ် Evening Gown Collection)
- ၇:၂၅ FMF Selection
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ World of Knowledge (SAMURAI BOW)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၇၆)
- ၁၀:၀၀ စေတနာအစွမ်းဖြင့် လင်းကြစေသောဝ်
- ၁၀:၁၅ Activities in the City (မသန်စွမ်းသူများဘဝမြှင့်တင်ရေး အဖွဲ့၏ (၆)နှစ်မြောက် နှစ်ပတ်လည် အခမ်းအနား)
- ၁၀:၂၅ Sports World
- ၁၀:၅၀ VJ Choice
- ၁၁:၁၅ သူတို့ပြောတဲ့ သူတို့အကြောင်း သရုပ်ဆောင်တိမ်ညွန့်နှင့် တွေ့ဆုံခြင်း (အပိုင်း-၂)
- ၁၁:၄၀ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာကောင်းမြတ် Evening Gown Collection)
- ၁၂:၀၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၂:၁၅ လှပတင့်တယ်ကယားရိုးရာ ရက်ကန်းအထည်
- ၁၂:၂၅ ကွင်းမြေစမ်းသပ်ခြင်းနှင့် မြေနမူနာ ရယူခြင်းလုပ်ငန်း
- ၁၂:၃၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး၏။

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**


# သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ
# သာယာလှပ စိမ်းမြမြ




**ဟိုက်ယန်သွေ့ ထိုက်ချိကျန်းမာရေးလေ့ကျင့်ရေးအဖွဲ့မှ ဆရာကြီး ဦးအောင်မောင်းအားရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ ဩဂုတ် ၅ရက်က အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေးက လက်ခံယူစဉ်။** (ကင်ဆာဖောင်ဒေးရှင်း)

မြန်မာ့အားကစားသတင်းပဒေသာ မြန်မာ့အားကစားသတင်းပဒေသာ

# Royal Club ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲ ကျင်းပမည်

## ဝင်းထွန်းနှင့် ဝါးရင်းတုတ် ဖိုးကေတို့၏ အထူးစိန်ခေါ်ပွဲကြီးပါဝင်

သတင်းဆောင်းပါး - ဇင်လင်းထွန်း(နေဖြူ) စာမျက်နှာဖွဲ့စည်းမှု - သက်နိုင်(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၁၂

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍(H & S Group)နှင့် T&T Group တို့ပူးပေါင်းစီစဉ်သည့် Royal Club ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲကြီး ၂၀၁၀ ကို ဩဂုတ် ၁၄ရက် (စနေနေ့)နှင့် ၁၅ရက် (တနင်္ဂနွေနေ့)များတွင် မွန်းလွဲ ၂နာရီမှ စတင်၍ အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသွားမည်ဖြစ်သည်။ ၎င်းနေ့များတွင် ဝိတ်တန်း(၇)တန်းတွင် ရွှေခါးပတ်ချန်ပီယံ ခုနစ်ဦးပေါ်ထွက်နိုင်ရေးအတွက် ကွာတားဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ ၎င်းပွဲစဉ်များနှင့်အတူ ဩဂုတ် ၁၅ရက်တွင် ဝင်းထွန်း (လယ်/ဆည်)နှင့် ဝါးရင်းတုတ် ဖိုးကေ (မန္တလေး)တို့၏ အထူးစိန်ခေါ်ပွဲကြီး ပါဝင်မည်ဖြစ်သည်။

### တံခွန်စိုက်ဆုများ

ယခုပြိုင်ပွဲသည် ရွှေခါးပတ်ချန်ပီယံသမိုင်းတွင် (၆)ကြိမ်မြောက် ပြိုင်ပွဲဖြစ်သည်။ ပထမအကြိမ်ကျင်းပသည့် ရွှေခါးပတ်ချန်ပီယံပွဲတွင် ဝိတ်တန်း(၉)တန်း၌ ရွှေခါးပတ်ရရှိသူ လေးဦးဖြင့် KLN အဖွဲ့၊ ဒုတိယအကြိမ်ပြိုင်ပွဲတွင် ဝိတ်တန်း(၉)တန်း၌ ရွှေခါးပတ်ရရှိသူ သုံးဦးဖြင့် မြို့တော်စည်ပင်အဖွဲ့၊ တတိယအကြိမ်ပြိုင်ပွဲတွင် ဝိတ်တန်း(၁၀)တန်း၌ ရွှေခါးပတ်ရရှိသူသုံးဦးဖြင့် အမှတ်(၁)ဘီလပ်မြေစက်ရုံအသင်း ၊ စတုတ္ထအကြိမ်ပြိုင်ပွဲတွင် ဝိတ်တန်း(၁၀)တန်း၌ ရွှေခါးပတ်ရရှိသူ သုံးဦးဖြင့် အမှတ်(၁)ဘီလပ်မြေစက်ရုံအသင်း၊ ပဉ္စမအကြိမ်ပြိုင်ပွဲတွင် ဝိတ်တန်း(၉)တန်း၌ ရွှေခါးပတ်ရရှိသူ သုံးဦးဖြင့် တောင်ကလေးအသင်းတို့ တံခွန်စိုက်ဆုများ ရရှိထားခဲ့ဖူးသည်။

### တွဲဆိုင်းဆင်မည်

ထို့ကြောင့် ဝိတ်တန်းအလိုက် ရွှေခါးပတ်ရရှိနိုင်မှု အနေအထားများကို ဆန်းစစ်ကြည့်လျှင် လိုက်ဖလိုင်း ၄၈ကီလိုတွင် လက်ရှိချန်ပီယံ မိုးသီး(တောင်ကလေး)၊ နေစိုးအောင် (ဖလုံပညာတဝေါင့်)၊ ဖိုးချို (မုဒုံသား)၊ သားကချင်(ဘီလပ်မြေစက်ရုံ)၊ စစ်မင်း (တိုက်ဂါး)၊ သိုးထိန်း (မြန်မာပြည်သား)တို့ ပါဝင်နေသည်။ မိုးသီးက ဝါရင့်လက်ဝှေ့သမားဖြစ်ပြီး လက်ရှိချန်ပီယံလည်းဖြစ်၍ ထပ်ဆင့်ချန်ပီယံဖြစ်ရန် မျှော်လင့်နိုင်သော်လည်း ယင်ဂုဏ်ရှိပြီး ဘီလပ်မြေစက်ရုံ အဖွဲ့သားပီပီ မာဂုဏ်လည်းရှိသော သားကချင်ကို အဓိကပြိုင်ဘက်အဖြစ် သဘောထားရမည်ထင်သည်။ သို့ရာတွင် မဲခွဲပြီးမှသာ တွဲဆိုင်းဆင်မည်ဖြစ်၍ ကွာတားတွင် မည်သူနှင့် မည်သူတွေ့ကာ မည်သို့ဖြစ်လာဦးမည် မသိနိုင်သေးပေ။ လိုက်ဖလိုင်း ၅၁ကီလိုတန်းတွင် ခိုင်လင်းဦး (တောင်ကလေး)၊ ထွန်းထွန်းမင်း (မုဒုံသား)၊ အောင်စစ်မင်း(မျိုးဆက်သစ်)၊ ရွှေကျည်ဆန် (ဘီလပ်မြေစက်ရုံ)၊ ထွန်းဝင်း (တိုက်ဂါး)၊ စိန်လင်းအောင် (ရွှေကုက္ကို) တို့ပါဝင်သည်။ ရွှေကျည်ဆန်က ယခုဝိတ်တန်း၌ပင် ၂၀၀၆နှင့်၂၀၀၇ ပြိုင်ပွဲများက ရွှေခါးပတ်ရရှိထားသည့် ထပ်ဆင့်ရွှေခါးပတ်ချန်ပီယံဖြစ်သည်။ စိန်လင်းအောင်ကလည်း မြိုင်ကြီးငူနှင့် ကရင်ပြည်နယ်နေ့ပွဲများ၌ အောင်လံရရှိထားခဲ့သူဖြစ်သည်။ ဘယ်သန် ခိုင်လင်းဦးက ကြိုးဝိုင်းသက်ရင့်နေသူဖြစ်ပြီး အောင်စစ်မင်းကလည်း ရွှေခါးပတ်ပြိုင်ပွဲ သုံးပွဲနွဲထားခဲ့ပြီး ဗိုလ်လုပွဲတွင်မှ ကပ်၍လွဲနေခဲ့သူဖြစ်သည်။

### ဗိုလ်တကော့ဘုရင်

ဘင်တန်ဝိတ် ၅၄ကီလိုတန်းတွင် ဆက်ထူးအောင်(တောင်ကလေး)၊ အသည်းစွဲ (ဘီလပ်မြေစက်ရုံ)၊ စူပါ(မျိုးဆက်သစ်)၊ ချစ်အောင်(မိုးမင်းမောင်)၊ သားသား (KLN)၊ ဝင်းတင်(ရွှေကုက္ကို) တို့ပါဝင်သည်။ ပြိုင်ဆိုင်မှုပြင်းထန်မည့် ဝိတ်တန်းဖြစ်သည်။ ယခုပြိုင်ပွဲကြီးတွင် အကျပ်ဆုံးဝိတ်တန်းဟု ပြောရမည့် ဝိတ်တန်းက ဖယ်သာ ၅၇ကီလိုဝိတ်တန်း ဖြစ်သည်။ ထပ်ဆင့် ရွှေခါးပတ်ချန်ပီယံ စိုးမိုးဟိန်း (မျိုးဆက်သစ်)၊ ၂၀၁၀ ဒဂုံရွှေအောင်လံဆုရှင် စိုးလင်းဦး(တောင်ကလေး)၊ သပြေညို (ဘီလပ်မြေစက်ရုံ)၊စောအုန်းမြင့်(မြို့တော်စည်ပင်)၊ စောဖိုးချစ်(အဖြူရောင်သွေးသစ်)၊ အမေ့သား(ရွှေကုက္ကို)တို့ ပါဝင်နေသည်။ စိန်ခေါ်ပွဲများတွင် အကြိတ်အနယ်ပြိုင်ခဲ့ကြသည့် လက်ဝှေ့သမားတို့ လာစုနေသော ဝိတ်တန်းဖြစ်၍ မည်သူဗိုလ်တကော့ဘုရင်ဖြစ်မည်က စိတ်ဝင်စားဖွယ်ဖြစ်သည်။

### ရွှေခါးပတ်ရရှိထားသူ

လိုက်ဝိတ် ၆၀ကီလိုတန်းတွင် သူ့ထက်နိုင်(ခ) သတ္တိအောင်(တောင်ကလေး)၊ ရွှေသိန်းအောင်(ဖလုံပညာတဝေါင့်)၊ ကညောထူး(ရွှေကုက္ကို)၊ ဟိန်းညီညီ(မြို့တော်စည်ပင်)၊ ဘီလပ်မြေမောင်မောင်(ဘီလပ်မြေစက်ရုံ)၊ ကျော်ထင်(တိုက်ဂါး)၊ ကိုဦးလေး (မိုးမင်းမောင်)တို့ ပါဝင်နေသည်။ သတ္တိအောင်က ၂၀၀၉ပြိုင်ပွဲတွင် ဖယ်သာဝိတ်တန်း ရွှေခါးပတ် ရရှိထားသူဖြစ်သည်။

### ပြိုင်ပွဲဝင်ဦးရေအပြည့်

အောင်ဇေယျကို ဗိုလ်လုပွဲတွင်ရှုံး၍ ခါးပတ်လက်လွှတ်ခဲ့ရသော ရန်ဆက်နိုင် (တောင်ကလေး)ပြန်ဝင်လာပြီး မိုက်တိုင်ဆန်(မြို့တော်စည်ပင်)၊ အာကာဟိန်း(မိုးမင်းမောင်)တို့နှင့် ၂၀၀၆ပြိုင်ပွဲတွင် ဘင်တန်ဝိတ်တန်း ရွှေခါးပတ်ချန်ပီယံဖြစ်ခဲ့သူ ဒေါနအောင်(အဖြူရောင်သွေးသစ်)လည်း ပြိုင်ပွဲဝင်လာမည်ဖြစ်သည်။ ဝယ်သာ ၆၇ ကီလိုဝိတ်တန်းက ပြိုင်ပွဲဝင်ဦးရေအပြည့် ရှိနေသည်။



ဖိုးကေ(မန္တလေး)(ဝဲ)နှင့် ဝင်းထွန်း(လယ်/ဆည်)(ယာ)

### တွေ့ဆုံယှဉ်ပြိုင်

ဩဂုတ် ၁၅ရက်တွင် အထူးစိန်ခေါ်ပွဲကြီးထိုးသတ်မည့် ဝင်းထွန်းနှင့် ဝါးရင်းတုတ်ဖိုးကေတို့သည် ပြီးခဲ့သည့် တန်ခူးလပြည့်နေ့က မွန်ပြည်နယ် ရေးမြို့နယ် လမိုင်းမြို့ သောင်ပြင်ကျေးရွာကြီး၌ ပထမဆုံးအကြိမ် တွေ့ဆုံယှဉ်ပြိုင်ခဲ့ကြဖူးသည်။ ဖိုးကေက အသက် ၂၀သာရှိသေးပြီး လိုက်မစ်ဒယ်ဝိတ်ရှိသဖြင့် ဝင်းထွန်းထက် ယင်ဂုဏ်၊ သက်လုံနှင့် အလုံးအရပ်ပါသာလွန်သည်။

သို့ဖြစ်၍ ယင်ဂုဏ်၊ မာဂုဏ်၊ သက်လုံနှင့် အလုံးအရပ်သာလွန်သော ဖိုးကေကပင် ဝင်းထွန်းကို ရှုံးကြွေးဆပ်နိုင်မည်လား၊ ဝင်းထွန်းကပင် နှစ်ထပ်ရှိမှ မှတ်မိအောင် ဆုံးမဦးမည်လားဆိုသည်က စိတ်ဝင်စားဖွယ် ဖြစ်နေပါကြောင်း။ ။ **(မြန်မာ့အလင်း)**

● *ကျော့ဖုံးမှ*

၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို သုဝဏ္ဏကွင်းနှင့် ဗထူးကွင်းတို့တွင်ကျင်းပခဲ့ပြီး ယခု ဒုတိယအကျော့အတွက် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၄ရက်တွင် တောင်ကြီးမြို့၌ ကျင်းပသွားမည်ဖြစ်သည်။ ဖွင့်ပွဲအခမ်းအနားကို မွန်းလွဲ ၁၂နာရီခွဲမှစ၍ ကျင်းပသွားမည်ဖြစ်ပြီး ဖျော်ဖြေရေး အစီအစဉ်များ၊ ကံစမ်းမဲ အစီအစဉ်များဖြင့် ခမ်းနားစွာ ဖွင့်လှစ်သွားရန် စီစဉ်လျက်ရှိသည်။ Lazy Club တီးဝိုင်းနှင့်အတူ ချစ်ကောင်း၊ R ဇာနည်၊ စိုင်းစိုင်းခမ်းလှိုင်၊ ဩရသ၊ မေခလာ၊ ချစ်သုဝေ၊ စန္ဒီမြင့်လွင်၊ လိမ္မော်သီးစသည့် အဆိုတော်များအပြင် ရုပ်ရှင်သရုပ်ဆောင်များဖြစ်သည့် ညီနန္ဒ၊ ချောရတနာ၊ ဆုပန်ထွာ၊ ပုလဲဝင်း၊ ခင်လေးနွယ်၊ မယ်လိုဒီ၊ ချစ်စနိုးဦးတို့က တေးသီချင်းများဖြင့် ဖျော်ဖြေကြမည်ဖြစ်ပြီး လာရောက်ကြည့်ရှုအားပေးကြမည့် ပရိသတ်များကိုလည်း တန်ဖိုးကြီး ကံစမ်းမဲများ မဲဖောက်ပေးမည်ဟုသိရသည်။ ဖွင့်ပွဲအခမ်းအနားအပြီးတွင် ရှမ်းပြည်နယ် ကိုယ်စားပြု ကမ္ဘောဇအသင်း၏ ဒေသခံ မိတ်ပြည်သူများထံ မိတ်ဆက်အပ်နှံပွဲကိုလည်း ကျင်းပသွားမည်ဖြစ်သည်။

ပထမအကျော့အပြီးတွင် အသင်းများ၏ ရမှတ်များမှာ ကွာဟမှု မရှိသေးဘဲ ချန်ပီယံဆုအတွက် အသင်းခြောက်သင်း အပြိုင်ဖြစ်နေကြောင်းသိရသည်။ ယခုအပြောင်းအရွှေ့ ကာလတွင် အသင်းအများစုမှာ ကစားသမားသစ်များဖြင့် အားဖြည့်ထားကြရာ ဒုတိယအကျော့မှာ ပြိုင်ဆိုင်မှု ပိုမိုပြင်းထန်လာတော့မည်ဖြစ်သည်။ ချန်ပီယံဆုအတွက် ဘယ်အသင်း ခြေစွမ်းပြနိုင်မလဲဆိုတာ ဩဂုတ် ၁၄ရက်မှ စတင်၍ ကြည့်ရှုရတော့မည် ဖြစ်ပါကြောင်း။

**(မြန်မာ့အလင်း)**

ဒုတိယအကျော့ အဖွင့်ပွဲစဉ်

| | | | |
|---|---|---|---|
| ၁၄-၈-၂၀၁၀ရက် | ကမ္ဘောဇ | - မနောမြေ | (တောင်ကြီးကွင်း) |
| ၁၄-၈-၂၀၁၀ရက် | ရန်ကုန်ယူနိုက်တက် | - နေပြည်တော် | (ဗထူးကွင်း) |
| ၁၄-၈-၂၀၁၀ရက် | ဒယ်လ်တာယူနိုက်တက် | - ဇေယျာရွှေမြေ | (သုဝဏ္ဏကွင်း) |
| ၁၅-၈-၂၀၁၀ရက် | ဥဿာယူနိုက်တက် | - ရတနာပုံ | (သုဝဏ္ဏကွင်း) |
| ၁၆-၈-၂၀၁၀ရက် | ဇွဲကပင်ယူနိုက်တက် | - ဆောက်သမ်း | (သုဝဏ္ဏကွင်း) |

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၇)ရပ်ကွက် ကမ်းနားလမ်း အမှတ်(ထ၀/၈၀)တွင် ပါတီရုံးချုပ်တည်ရှိသော ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၂-၈-၂၀၁၀ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ အလံပုံစံ



ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ တံဆိပ်ပုံစံ




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မြန်မာ့အလင်း နိုင်ငံတကာ ရုပ်ရှင်နှင့် အနုပညာ နိုင်ငံတကာ ရုပ်ရှင်နှင့် အနုပညာ

# မစ်ယူနီဗက်စ် ပြိုင်ပွဲဝင်မည့် အလှမယ်များ

❖ စုစည်းရေးသားသူ - မိုးမြင့်လင်းလက် ❖

လပ်စ်ဗီးဂတ်စ် ဩဂုတ် ၁၂

၂၀၁၀ခုနှစ် မစ်ယူနီဗက်စ်အလှမယ်ရွေးချယ်ပွဲကို အမေရိကန်နိုင်ငံ လပ်စ်ဗီးဂတ်စ်မြို့၌ ဩဂုတ် ၂၃ရက်တွင် ကျင်းပတော့မည်ဖြစ်သည်။ ၂၀၁၀ခုနှစ် မစ်ယူနီဗက်စ်ရွေးချယ်ပွဲသို့ ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံကိုယ်စားပြုအလှမယ်ပေါင်း ၈၀ခန့် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံကိုယ်စားပြု အလှမယ်များ အမေရိကန်နိုင်ငံ လပ်စ်ဗီးဂတ်စ်မြို့သို့ ရောက်ရှိနေပြီး ပြိုင်ပွဲဝင်စာရင်းတင်ခြင်းနှင့် ကျန်းမာရေးစစ်ဆေးမှုများ စစ်ဆေးခံခြင်းတို့ ပြုလုပ်နေကြပြီဖြစ်သည်။ မစ်ယူနီဗက်စ်ပြိုင်ပွဲဝင်မည့် အလှမယ် အချို့ကို ဖော်ပြရပါလျှင်-




တန်ဝမ် (တရုတ်အလှမယ်)

အသက် ၁၉နှစ်အရွယ်ရှိပြီး တရုတ်နိုင်ငံ ဟေလုံကျန်မြို့ဇာတိ ဖြစ်သည်။ ၁၉၉၁ခုနှစ် စက်တင်ဘာ ၁၁ရက်၌ မွေးဖွားသူဖြစ်ပြီး အရပ်အမြင့် ၅ပေ ၇လက်မရှိသည်။

### ခန္ဓာကိုယ်အချိုးအစား

ခန္ဓာကိုယ်အချိုးအစားမှာ ရင် ၃၃ လက်မ၊ ခါး၂၅လက်မ၊ တင် ၃၆လက်မဖြစ်ပြီး ကိုယ်အလေးချိန် ၄၉ကီလိုဂရမ်ရှိသည်။ ပေကျင်းမြို့အခြေစိုက် နယူးစလစ်ဂုတ်မော်ဒယ်လ်အေဂျင်စီမှ မော်ဒယ်လ်တစ်ဦးလည်းဖြစ်သည်။

### ရွေးချယ်ခံ

တရုတ် အလှမယ်များစွာအတွင်းမှ ၂၀၁၀ မစ်ယူနီဗက်စ်ပြိုင်ပွဲဝင်ရန် ရွေးချယ်ခံရသူ ဖြစ်သည်။



### ဖွန်ထစ်ဝပ်ချာရာထရာကုလ်

(ထိုင်းအလှမယ်)

ထိုင်းနိုင်ငံ ကိုယ်စားပြု ၂၀၁၀ မစ်ယူနီဗက်စ်ပြိုင်ပွဲဝင်ဖြစ်သည်။ ထိုင်းနိုင်ငံ ဆာမက်ပရာကန်မြို့၌ ၁၉၉၀ခုနှစ် ဇူလိုင် ၁၉ရက်၌ မွေးဖွားခဲ့သူဖြစ်သည်။ အရပ်အမြင့်မှာ ၅ပေ ၇လက်မရှိပြီး ခန္ဓာကိုယ်အချိုးအစားမှာ ရင် ၃၃လက်မ၊ ခါး ၂၅ လက်မနှင့် တင် ၃၆လက်မဖြစ်သည်။ ထိုင်းနိုင်ငံ အဆမ်ပရှင်းတက္ကသိုလ်မှ ဥပဒေအဓိကနောက်ဆုံးနှစ်ကျောင်းသူဖြစ်သည်။ မိဘများနှင့်အတူနေထိုင်ပြီး မော်ဒယ်လ်အလုပ်လည်း လုပ်ကိုင်သည်။ မျက်လုံးအနက်ရောင်၊ ဆံပင်အနက်ရောင် ဖြစ်ပြီး ၂၀၁၀ခုနှစ် မစ်ယူနီဗက်စ်ပြိုင်ပွဲဝင်ရန် ရွေးချယ်ခံခဲ့ရသူဖြစ်သည်။ ယခုအခါ ၂၀၁၀ခုနှစ် မစ်ယူနီဗက်စ်အလှမယ် ရွေးချယ်ယှဉ်ပြိုင်ရန် အမေရိကန်နိုင်ငံသို့ ရောက်ရှိနေပြီဖြစ်သည်။



ရာဟာအဇ္ဇဒူလာ (လက်ဘနွန်အလှမယ်)

လက်ဘနွန်နိုင်ငံကိုယ်စားပြု မစ်ယူနီဗက်စ် အလှမယ်ပြိုင်ပွဲဝင်ဖြစ်သည်။ အသက် ၂၂နှစ်အရွယ်ရှိပြီး အရပ် ၅ပေ ၇လက်မမြင့်သည်။ ခန္ဓာကိုယ်အချိုးအစားမှာ ရင် ၃၂လက်မ၊ ခါး ၂၄လက်မနှင့် တင် ၃၆လက်မဖြစ်သည်။ ဉာဏ်ထက်မြက်သူဖြစ်ပြီး ၂၀၁၀ခုနှစ် လက်ဘနွန် အလှမယ်ရွေးပွဲ၌ မေးခွန်းများကို ကောင်းမွန်စွာ ဖြေဆိုနိုင်သူဖြစ်သည်။ ဘေရွတ်မြို့ရှိ နိုင်ငံခြားဘာသာစကားတက္ကသိုလ်မှ နောက်ဆုံးနှစ်ကျောင်းသူ တစ်ဦးဖြစ်သည်။ ရေကူးခြင်း၊ စာပေလေ့လာခြင်းနှင့် အားကစားလေ့လာလိုက်စားခြင်းတို့ကို နှစ်သက်သူဖြစ်သည်။ ယခုအခါ ၂၀၁၀မစ်ယူနီဗက်စ်ပြိုင်ပွဲဝင်ရန် အမေရိကန်နိုင်ငံသို့ ရောက်ရှိကာ ပြိုင်ပွဲဝင်ရေး ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ ။

**(အင်တာနက်)**

## သမိုင်းဝင်သတင်းသုတ

# လက်တင်အမေရိကမှ စင်အက်ပါစစ်ပွဲ

တိုး ရေးသားသည်

စင်အက်ပါစစ်ပွဲသည် လက်တင်အမေရိကမှ အီကွေဒေါနှင့် ပီရူးအိမ်နီးချင်း နှစ်နိုင်ငံ နယ်စပ်ဒေသ သူပိုင် ကိုယ်ပိုင် အငြင်းပွားရာမှ ရုတ်တရက် ပေါ်ထွက်လာသည့် ဒေသတွင်း စစ်ရေးပဋိပက္ခတစ်ရပ်ဖြစ်သည်။

### ကြေညာ

၁၉၄၁ခုနှစ် အီကွေဒေါ-ပီရူး စစ်ပွဲအပြီး နယ်စပ်ဆိုင်ရာစာချုပ်ကို နှစ်နိုင်ငံ လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့သည်။ သို့သော် ထိုစာချုပ်တွင်ပါရှိသည့် စင်အက်ပါဒေသနှင့် ပါကွီရှားဒေသတို့နှင့် စပ်လျဉ်းသည့်အချက်ကို နောက်ပိုင်းတွင် အီကွေဒေါနိုင်ငံက ဘဝင်မကျသဖြင့် ၁၉၆၀ပြည့်နှစ်တွင် ထိုစာချုပ် တရားမဝင်ပျက်ပြယ်ကြောင်း အီကွေဒေါနိုင်ငံက ကြေညာလိုက်သည်။

### လွတ်လပ်ရေးစစ်ပွဲများ

အာဂျင်တီးနား၊ ဘရာဇီး၊ ချီလီနှင့် အမေရိကန်နိုင်ငံတို့၏ ကြားဝင်စေ့စပ်ပေးမှု အပါအဝင် ထိုအငြင်းပွားမှု၏ မပြတ်သားသော ရလဒ်တို့ကြောင့် စေ့စပ်ဆွေးနွေးပွဲများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ရသည်။ တကယ်တော့ စင်အက်ပါစစ်ပွဲသည် အီကွေဒေါနိုင်ငံနှင့် ပီရူးနိုင်ငံတို့အကြား နယ်မြေအငြင်းပွားမှုဆိုင်ရာ လက်ငင်းစစ်ရေး ပဋိပက္ခတစ်ရပ်သာဖြစ်သည်။ နယ်မြေအငြင်းပွားမှုမှာ ယခုမှ ရုတ်တရက်ပေါ်ပေါက်လာသည်ဟု ဆိုရသော်လည်း တောင်အမေရိက၌ စပိန် ကိုလိုနီထမ်းပိုးကို ခါချသည့် လွတ်လပ်ရေးစစ်ပွဲများအပြီး ပီရူးနှင့် အီကွေဒေါနိုင်ငံဟူ၍ ၁၉ရာစုအဦးပိုင်း ဆယ်စုနှစ်များအတွင်းက ထူထောင်စဉ်ကပင် စခဲ့သည်ဟု ဆို၏။

### ခံယူထား

ခေတ်သစ်သမိုင်းတွင် ဤနှစ်နိုင်ငံသည် ၁၉၄၁ခုနှစ်ကတစ်ကြိမ်၊ ၁၉၈၁ခုနှစ်က တစ်ကြိမ် စစ်ဖြစ်ခဲ့သည်။ ထိုနှစ်ကြိမ်စလုံးတွင် ပီရူးစစ်တပ်က အီကွေဒေါစစ်တပ်ကို လွှမ်းမိုးအနိုင်ယူခဲ့သည်။ စင်အက်ပါမြစ်သည် မာရာဥွန်မြစ်၏ မြစ်လက်တက်ဖြစ်ပြီး မာရာဥွန်မြစ်မှာ အမေဇုန်မြစ်၏ မြစ်လက်တက်ဖြစ်သည်။ အီကွေဒေါနိုင်ငံက သူ့ပိုင်နက်ဖြစ်သည်ဟု ခံယူထားသည်။

### တင်းမာ

၁၉၈၁ခုနှစ်က ပါကွီရှား အရေးကဲ့သို့ပင် စင်အက်ပါစစ်ပွဲမှာလည်း နှစ်နိုင်ငံ အငြင်းပွားဒေသ၌ နိုင်ငံခြားတပ်များ ကျူးကျော်ပြီး အခြေခံစခန်းများ ချထားခြင်းဖြစ်သည်ဟူ၍ အီကွေဒေါကရော၊ ပီရူးကပါ ယူဆလာခြင်းကြောင့် ဖြစ်လာရသည်။ ပါဂျာဘူတီခေါ်သည့် ပီရူးနယ်ခြားတပ်စခန်းချမှုနှင့် စပ်လျဉ်း၍ ၁၉၉၁ခုနှစ် ဇူလိုင်လတွင် အငြင်းပွားပြီးနောက် ကွန်ဒေါတောင်တန်းတစ်လျှောက်တွင် နှစ်နိုင်ငံတင်းမာမှု ပိုမိုကြီးထွားလာသည်။

### ပြင်ဆင်

နောက်သုံးနှစ်ကြာသောအခါ တင်းမာမှုမြင့်လာသည်။ ၁၉၉၄ ခုနှစ်ကုန်တွင် ကွန်ဒေါတောင်တန်းနှင့် စင်အက်ပါမြစ်ဖျားဒေသတစ်ဝိုက် အငြင်းပွားဒေသ၌ နှစ်နိုင်ငံ ပဋိပက္ခစတော့သည်။ ၁၉၉၅ခုနှစ်ဆန်းသည်နှင့် တစ်ပြိုင်နက် ပီရူးစစ်တပ်က ဇန်နဝါရီ ၈ရက်တွင် ဆားစခန်းအနီး ကင်းလှည့်သည်။ ဇန်နဝါရီ ၉ရက် ညတွင် အီကွေဒေါစစ်တပ်က ပီရူးစစ်သားလေးဦးကို ဖမ်းဆီးသည်။ ထို့နောက် ပစ်ကြ ခတ်ကြ ဖြစ်လာသည်။ စင်အက်ပါမြစ်ဝှမ်းတွင် ပီရူးက စစ်ဆင်ရန် ပြင်ဆင်သည်။

### မေတ္တာရပ်ခံ

၁၉၉၅ခုနှစ် ဇန်နဝါရီ ၂၄ရက်မှစ၍ အီကွေဒေါရှေ့တန်းတပ်စခန်းများအပေါ် ဖြတ်ကျော်ပျံသန်းလျှင် မည်သည့် ပီရူးရဟတ်ယာဉ်ကိုမဆို ပစ်ချခံရမည်ဟု အီကွေဒေါနိုင်ငံစစ်ဒေသမှူးက တစ်ဖက်သို့ ရာဇသံပေးလိုက်သည်။ ဇန်နဝါရီ ၂၆ရက် နံနက်ပိုင်းတွင် အီကွေဒေါအထူးတပ်ဖွဲ့က ပီရူးတပ်စခန်းကို ဝင်ရောက်တိုက်ခိုက်မှုကြဲ့ကာ စင်အက်ပါစစ်ပွဲ စတင်သည်။ နောက်တစ်ရက်တွင် နှစ်နိုင်ငံစလုံးက စစ်ပွဲအတွက် ဆော်ဩစည်းရုံးသည်။ တပ်ဖွဲ့ဝင် ၁၄၀၀၀ခန့်ရှိသည်။ ဇန်နဝါရီ ၂၈ရက်နံနက် ၇နာရီ ၄၅မိနစ်တွင် ပီရူးက မြေပြင်စစ်ဆင်ရေးစတင်သည်။ နှစ်ဖက်တိုက်ပွဲများ ပြင်းထန်သည်။ ဇန်နဝါရီ ၃၁ရက်တွင် အပစ်အခတ် ချက်ချင်းရပ်ရန် နိုင်ငံတကာ မေတ္တာရပ်ခံချက်ကို နှစ်နိုင်ငံစလုံးက လက်မခံဘဲ ဆက်တိုက်သည်။

**အာဂျင်တီးနား၊ ဘရာဇီး၊ ချီလီနှင့် အမေရိကန်နိုင်ငံတို့၏ ကြားဝင်စေ့စပ်ပေးမှု အပါအဝင် ထိုအငြင်းပွားမှု၏ မပြတ်သားသော ရလဒ်တို့ကြောင့် စေ့စပ်ဆွေးနွေးပွဲများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ရ၊ တကယ်တော့ စင်အက်ပါစစ်ပွဲသည် အီကွေဒေါနိုင်ငံနှင့် ပီရူးနိုင်ငံတို့အကြား နယ်မြေအငြင်းပွားမှုဆိုင်ရာ လက်ငင်းစစ်ရေးပဋိပက္ခတစ်ရပ်သာဖြစ်။**



**စစ်ပွဲအတွင်း ပီရူးလေတပ်ဆူခွိုင်း-၂၂ အမ် တိုက်လေယာဉ်ကို ၁၉၉၅ခုနှစ် ဖေဖော်ဝါရီ၁၀ရက်က ပစ်ခတ်အနိုင်ယူလိုက်သည့် အီကွေဒေါလေတပ်မှ မီရပ်ချ် အက်ဖ်-၁ ဂျေအေ လေယာဉ်ကို တွေ့ရစဉ်။**

### ဆင်နွှဲ

၁၉၉၅ခုနှစ် ဖေဖော်ဝါရီ ၁ရက်တွင် လက်နက်ကြီးများ အကူအညီဖြင့် တိုက်ကြသည်။ လေကြောင်းတိုက်ခိုက်မှုများပါဝင်ပြီး ဖေဖော်ဝါရီ ၁၂ရက်တွင် လေကြောင်း တိုက်ခိုက်ရေး ဆက်လက်ဆင်နွှဲသည်။ ဖေဖော်ဝါရီ ၁၆ရက်အထိ ရင်ဆိုင်တိုက်ပွဲများ ဖြစ်ပွားနေသည်။

ဖေဖော်ဝါရီ ၁၇ရက်တွင် ရီယိုသဘောတူစာချုပ်နှင့် ကြားဝင်စေ့စပ်ပေးသည့် အမေရိကန်၊ ဘရာဇီး၊ ချီလီနှင့် အာဂျင်တီးနား လေးနိုင်ငံကိုယ်စားလှယ်များရှေ့တွင် ဘရာဇီးနိုင်ငံ၌ ငြိမ်းချမ်းရေးကြေညာချက်ကို အီကွေဒေါနှင့် ပီရူး ကိုယ်စားလှယ်များ လက်မှတ်ရေးထိုးခဲ့သည်။

### အဆုံးသတ်

ရင်ဆိုင်တိုက်ပွဲများ မရေမတွက်နိုင်အောင် ဖြစ်ပွားပြီးနောက် ဖေဖော်ဝါရီ ၂၈ရက်တွင် အီကွေဒေါနှင့် ပီရူးနိုင်ငံတို့က ချက်ချင်းအပစ်အခတ်ရပ်စဲပါမည်ဟု ကတိပြုလျက် မွန်တီဗီဒီယိုကြေညာချက်ကို လက်မှတ်ရေးထိုးကြသည်။ နောက်ထပ် လအနည်းငယ် နယ်စပ်ဒေသ၌ အသေးအဖွဲတိုက်ပွဲများ ဆက်ဖြစ်သည့်တိုင်အောင် စင်အက်ပါစစ်ပွဲမှာ တရားဝင် အဆုံးသတ်သွားရပြီဖြစ်သည်။

### ရပ်သိမ်းပေး

၁၉၉၅ခုနှစ် မတ်လမှစတင်ကာ စစ်ဘက်အကဲခတ်လေ့လာရေးအဖွဲ့ဝင်များက နှစ်ဖက်တပ်များဆုတ်ခွာရေး ကြီးကြပ်ပေးသည်။ သို့ဖြင့် မေလတွင် အငြင်းပွားဒေသမှ တပ်များ အသီးသီးရုပ်သိမ်းပေးနိုင်ခဲ့သည်။

နောက်ဆုံး ၁၉၉၈ခုနှစ် အောက်တိုဘာလ ၂၆ရက်တွင် ဘရာဆီးလီးယားမြို့၌ နှစ်နိုင်ငံငြိမ်းချမ်းရေးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ကမ္ဘာ့အနောက်ခြမ်းမှ အရှည်ကြာဆုံးသော ပိုင်နက်နယ်မြေအငြင်းပွားမှုလည်း အဆုံးသတ်သွားတော့သည်။ ။

ကိုးကား-အင်တာနက်

## ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား

မောင်မောင်မြင့်ဆွေ - စုစည်းတင်ပြ၍ ❋ ဖင်မင်းသန့်(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်



### အမြင့်ဆုံးစာကြည့်တိုက်

*တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ တူမောရိုးစကွဲယား၌ တည်ဆောက်ထားသော ဂျေဒဗလျူမာရေ့ ဟိုတယ်၏ အထပ် ၆၀၌ ပြုလုပ်ထားသည့် စာကြည့်တိုက်ဖြစ်သည်။ မြေပြင်မှ အမြင့် ၇၅၇ ပေ ၆ လက်မ၌ တည်ရှိသည်။ စာကြည့်တိုက်အတွင်း စာအုပ်စင်ပေါင်း ၁၀၃ခု ရှိပြီး အင်္ဂလိပ်၊ တရုတ်နှင့် နိုင်ငံတကာမှ စာအုပ် အမျိုးအစားစုံလင်စွာ စုဆောင်းထားရှိသည်။ ကမ္ဘာပေါ်တွင် အမြင့်ဆုံး စာကြည့်တိုက်တစ်ခုအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (ဝဲပုံ)*

*(အင်တာနက်)*





### ရွှေ့လျားနိုင်သည့် ကမ္ဘာ့အကြီးဆုံးအဆောက်အအုံ

*ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် တည်ဆောက်ထားသော ဖန်ဂန်အမည်ရှိ အထပ်မြင့် ကွန်ဒိုအဆောက်အအုံဖြစ်သည်။ ၎င်းအဆောက်အအုံ၏ အလေးချိန်မှာ စုစုပေါင်း ၁၅၁၄၀ ဒသမ ၄ မက်ထရစ်တန်ဖြစ်သည်။ အဆောက်အအုံ၏ အမြင့်မှာ ၁၁၁ပေရှိပြီး ရွှေ့လျားနိုင်အောင် တည်ဆောက်ထားရာ ရွှေ့လျားနိုင်မှုမှာ ၃၅ ဒသမ ၆၂ မီတာဖြစ်သည်။ ကမ္ဘာပေါ်တွင် ရွှေ့လျားနိုင်သည့် အကြီးဆုံးအဆောက်အအုံ တစ်ခုအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။* ***(ယာပုံ)*** ***(အင်တာနက်)***

### ရေအောက်စာတိုက်ပုံး

*ဂျပန်နိုင်ငံ ဆူဆာမီပင်လယ်အော် ရေပြင်အောက်၌ ထားရှိသော စာတိုက်ပုံးဖြစ်သည်။ ရေပြင်အနက် ၃၂ ဒသမ ၈ ပေ၌ တည်ရှိပြီး ပင်လယ်ရေပြင်အောက်၌ ရေငုပ်သမားများ၊ အဏ္ဏဝါသုတေသန ပညာရှင်များအတွက် ထားရှိပေးထားခြင်းဖြစ်သည်။ ရေအောက်၌ တွေ့ရှိရသော ထူးခြားသည့် အမှတ်တရပစ္စည်းများနှင့် စာများကို လာရောက်ထည့်နိုင်ရန် စီစဉ်ပေးထားခြင်းဖြစ်သည်။* ***(အပေါ်ပုံ)*** ***(အင်တာနက်)***

# မြို့တော်ဝန် ဦးဖုန်းဇော်ဟန် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တက်ရောက်

**နေပြည်တော် ဩဂုတ် ၁၂**

မန္တလေးတိုင်း(စည်ပင်သာယာနယ်မြေ) မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဩဂုတ် ၄ရက်က အမရပူရမြို့နယ် တောင်သမန်ကန်ပတ်လမ်း၌ ကျင်းပရာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**ရင်းရင်းနှီးနှီး**

ရှေးဦးစွာ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက အရိပ်ရစိန်ပန်းပင်များကို စိုက်ပျိုးပေးကြပြီး အခမ်းအနား တက်ရောက်လာကြသူများ၏ သစ်ပင်များစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေး၍ ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ဖြည့်ဆည်းဆောင်ရွက်**

ထိုမှတစ်ဆင့် မြို့တော်ဝန်သည် မန္တလေးမြို့ပတ်လမ်း(ဒေါနဘွားအပိုင်း) လမ်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



## မြေယာရှင်းအလု

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့်အဖွဲ့ ပေါင်မြို့သို့ရောက်ရှိစဉ် မြို့ဝင်မြို့ထွက် မြေယာရှင်းအလု ဆောင်ရွက်ထားရှိမှု အခြေအနေကို ဇူလိုင် ၃၀ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်တို့ ရှင်းလင်းတင်ပြစဉ်။ (၁၇၆)

## မူလတန်းလွန်ကျောင်း ခင်ဦးမြို့နယ်၌ဖွင့်

**ခင်ဦး ဩဂုတ် ၂**

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ပျဉ်ထောင်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းဖွင့်ပွဲကို ဇူလိုင် ၂၇ရက် နံနက် ၉နာရီကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်လွင်နှင့် မြို့နယ်ပညာရေးမှူး ဦးအယ်လ်စန်တွဲတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်လွင်နှင့် မြို့နယ်ပညာရေးမှူး ဦးအယ်လ်စန်တွဲတို့က အမှာစကားပြောကြားကြပြီး ကျောင်းဖွင့်ပွဲအထိမ်းအမှတ်အလံကို ကျောင်းအုပ်ဆရာကြီး ဦးကြည်မောင်က မြို့နယ်ဥက္ကဋ္ဌဦးကျော်လွင်ကို ပေးအပ်ပြီး ဦးသန်းမောင်-ဒေါ်ကြည်မြနှင့် ဦးစိန်ဖုန်း-ဒေါ်ရွှေရည်မိသားစုက ကျောင်းသားကျောင်းသူများအတွက် ဗလာစာအုပ် ၆၃ ဒါဇင် လှူဒါန်းခဲ့သည်။ (မြို့နယ်ပြန်/ဆက်)





## တံတားဦး၌ ပညာရည်ချွန်ဆုချီးမြှင့်

**တံတားဦး ဩဂုတ် ၅**

တံတားဦးမြို့နယ် ပညာရေးဝန်ထမ်းများ သမဝါယမအသင်းလီမိတက်၏ ပညာရည်ချွန်ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇူလိုင် ၂၈ရက် နံနက်၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာအခမ်းအနားကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်ဝင်း၊ မြို့နယ်ပညာရေးမှူး ဦးဝင်းတင့်နှင့် မြို့နယ်လက်ထောက်ပညာရေးမှူး ဦးခင်မောင်ဝင်းတို့က အမှာစကားပြောကြားကြပြီး ပညာရေးဝန်ထမ်းများ သမဝါယမအသင်း အုပ်ချုပ်မှုဒါရိုက်တာ ဦးတင်ဝင်းက ပညာရည်ချွန်ချီးမြှင့်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူများအား မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်မင်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။ (အပေါ်ပုံ)

(မြို့နယ် ပြန်/ဆက်)

## အရန်သားဖွားသင်တန်းဆင်း

**မော်လမြိုင်ကျွန်း ဩဂုတ် ၁၀**

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အရန်သားဖွားဆရာမသင်တန်းဆင်းပွဲကို ဩဂုတ် ၉ရက် နံနက်၁၁နာရီက မော်လမြိုင်ကျွန်းမြို့ ပြည်သူ့ဆေးရုံလူထုကျန်းမာရေးစောင့်ရှောက်မှု သင်တန်းခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး ထူးချွန်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ (၁၄၂)

**ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် တာမိုးညဲမြို့ စည်ပင်သာယာရေးအဖွဲ့က သွေးလွန်တုပ်ကွေးနှင့်ငှက်ဖျားရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁ ရက်က အဖွဲ့ပိုင် မြို့မဈေးအတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်ရာသို့ မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးသီဟဇော် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ် ပြန်/ဆက်)



## မိတ္ထီလာမြို့နယ် ရေချိုကျေးရွာ အထကကျောင်းခွဲဖွင့်

**မိတ္ထီလာ ဩဂုတ် ၄**

မိတ္ထီလာမြို့ ရေချိုကျေးရွာအုပ်စု ရေချိုကျေးရွာ အထက်တန်းကျောင်းခွဲ ဖွင့်လှစ်ပွဲနှင့် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို ဇူလိုင် ၂၂ရက် နံနက် ၉နာရီခွဲက အဆိုပါ အထက်တန်းကျောင်းခွဲ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဆွေ၊ ခရိုင်ပညာရေးမှူး ဦးထွန်းရီနှင့် မြို့မိမြို့ဖ ဦးစောဌေးတို့က အထက်တန်းကျောင်းခွဲ ကမ္ပည်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (အပေါ်ပုံ)

**ပြောကြား**

ထို့နောက် ကျောင်းအကျိုးတော်ဆောင်နာယက ဦးညွန့်တင်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ထူးထူးမာတို့က ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် အလျားပေ ၁၂၀၊ အနံ ၂၆ပေရှိ သွပ်မိုး၊နံရံကပ်စာသင်ခန်းလေးခန်းပါရှိသော ငွေကျပ်သိန်း ၂၀၀တန် ကျောင်းဆောင်သစ်အလှူရှင် ဦးအောင်ကြည်မြင့်၊ ဦးတင်အောင်ရွှေနှင့် ငွေကျပ် ၁၀သိန်းတန် ကွန်ပျူတာတစ်စုံ အလှူရှင် ဦးဝင်းတင်-ဒေါ်မမလေး မိသားစုအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ထူးထူးမာက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ (ခရိုင် ပြန်/ဆက်)

**ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးမီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ပစ္စည်းကိရိယာများထားရှိမှု၊ လျှပ်စစ်ဝိုင်ယာကြိုးများ စနစ်တကျသွယ်တန်းထားရှိမှုနှင့်မီးသတ်ဆေးဘူးထားရှိမှု အခြေအနေကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ဩဂုတ် ၃ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခိုင်လွင်သန့်က လုပ်ငန်းများဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)



## မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး ကွင်းဆင်းဟောပြော

**နေပြည်တော် ဩဂုတ် ၁၂**

မွန်ပြည်နယ် မော်လမြိုင်မြို့အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာဉာဏ်ဇော် ဦးဆောင်၍ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းစန်းလွင်၊ မော်လမြိုင်ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်ဆွေ၊ ချောင်းဆုံမြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး အသိပညာပေး ဟောပြောခြင်းနှင့် ကလေးငယ်များအား ကွင်းဆင်းဆေးကုသရေးကို ဇူလိုင် ၂၃ရက်က ချောင်းဆုံမြို့နယ် မုရစ် ကလေးကျေးရွာ တိုက်နယ်ဆေးရုံ၌ ဆောင်ရွက်ကြသည်။

**အသိပညာပေး**

ဟောပြောပွဲတွင် မော်လမြိုင်မြို့အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာဉာဏ်ဇော်က သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး အသိပညာပေး ဟောပြောပြီး ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးအဖွဲ့မှ ဒေါက်တာစည်သူရဲနောင်နှင့် ကလေးအထူးကုဆရာဝန် ဒေါက်တာဒေါ်ဝင်းဝင်းမြင့်တို့က ကျန်းမာရေးအသိပညာပေး ဟောပြောကြသည်။

**စစ်ဆေး**

ထို့နောက် ကျန်းမာရေးဝန်ထမ်းများက သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ခြင်ထောင်ဆေးစိမ်နည်းကို လက်တွေ့သရုပ်ပြသပြီး တက်ရောက်လာကြသူများအား ဆေးစိမ်ဆေးပြားအလုံး ၃၅၀ကို ပေးအပ်ကြကာ မုရစ်ကလေးကျေးရွာအတွင်းရှိ ရောဂါဖြစ်ပွားသူကလေးငယ်များအား ကျန်းမာရေး စစ်ဆေးပေးကြသည်။

**ကွင်းဆင်းဆောင်ရွက်**

ယင်းနောက် မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကျန်းမာရေးဝန်ထမ်းများနှင့်အတူ မုရစ်ကလေးကျေးရွာအတွင်းရှိ နေအိမ်များ၌ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ကြသည်။ (သတင်းစဉ်)

**မြို့နယ် သတင်း ထွေထွေလာ**

## ပန်းအလှပင်များပျိုးထောင်

သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ပျိုးထောင်ထားရှိမှု အခြေအနေကို ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းရွှေ ဇူလိုင် ၂၄ရက်က ကွင်းဆင်းစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဦးတင်မောင်ကျော် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)



★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

## အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များစာရင်း အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၈၆/၂၀၁၀) ဖြင့် သတ်မှတ်ကြေညာသည့် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များစာရင်း အချပ်ပို (၇)မျက်နှာ ပါရှိပါသည်။

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၂-၈-၂၀၁၀

| | |
|---|---|
| ဖန်းမော်မြို့ | ၅ ဒသမ ၁၆ လက်မ |
| ဘားအံမြို့ | ၃ ဒသမ ၃၁ လက်မ |
| ဘီးလင်းမြို့ | ၃ ဒသမ ၀၃ လက်မ |
| သထုံမြို့ | ၂ ဒသမ ၄၄ လက်မ |
| ဇလွန်မြို့ | ၂ ဒသမ ၃၆ လက်မ |
| ရန်ကုန် (မြို့လယ်) | ၂ ဒသမ ၂၅ လက်မ |
| မင်းဘူးမြို့ | ၁ ဒသမ ၁၄ လက်မ |

## မြန်မာဘောလုံးပရိသတ်များ ပြန်လည်ရင်ခုန်ကြရတော့မည့် ၂၀၁၀ MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့

သတင်းမှတ်စုနှင့်ဓာတ်ပုံမှတ်တမ်း - ဖိုးသော်ဇင်

ရန်ကုန် ဩဂုတ် ၁၂

၂၀၁၀ MNL အမှတ်ပေး ဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်များကို ဩဂုတ် ၁၄ရက်မှစ၍ ပြန်လည်ကျင်းပတော့မည်ဖြစ်သည်။ ဒုတိယအကျော့ပွဲစဉ်များကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၊ မန္တလေးမြို့ရှိ ဗထူးကွင်းနှင့် ကမ္ဘောဇအသင်း၏ အိမ်ကွင်းဖြစ်သည့် တောင်ကြီး ပြည်နယ်အားကစားကွင်းတို့တွင် တစ်ပြိုင်နက် စတင်ကျင်းပသွားမည်ဖြစ်ပြီး ပွဲစဉ်(၁၈)မှစ၍ ဧယျာဝတီရွှေမြေအသင်း၏ အိမ်ကွင်းဖြစ်သည့် မုံရွာကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။ စာမျက်နှာ ၁၂ ကော်လံ ၁ ●



တောင်ကြီးကွင်းတွင် လေ့ကျင့်မှုများပြုလုပ်နေသည့် ကမ္ဘောဇအသင်းသားများ။

## မြန်မာ့အလင်း ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား

➤ ကောင်းမြတ်သူ - ရေးသားသည် ➤

### ကမ္ဘာ့အကြီးဆုံးနာရီစင်

ရီယာ့ဒ် ဩဂုတ် ၁၂

ဆော်ဒီအာရေဗျနိုင်ငံ မက္ကာမြို့၌ ကမ္ဘာ့အကြီးဆုံးနာရီစင်ကြီး တည်ဆောက်ခဲ့ရာ ယခုအခါ စမ်းသပ်အသုံးပြုနေပြီဖြစ်ကြောင်း ၎င်းနိုင်ငံရှိ သတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။



#### အမြင့်ဆုံးနာရီစင်ကြီး

အဆိုပါ နာရီစင်ကြီးမှာ လေးဖက်မြင် နာရီစင်ကြီးဖြစ်ပြီး အမြင့်ပေ ၁၉၇၀ရှိကာ ကမ္ဘာပေါ်တွင် အမြင့်ဆုံးနာရီစင်ကြီးဖြစ်ကြောင်း သိရသည်။ နာရီ၏ အချင်းဝက်မှာ ပေ ၁၃၀ခန့်ရှိသည်။ ၎င်းနာရီစင်ကို ၁၆မိုင်အကွာအဝေးမှ မြင်ရနိုင်သည်။

#### တပ်ဆင်

နာရီစင်၏ထိပ်တွင် ရွှေဖြင့်ပြုလုပ်ထားသော လခြမ်းပါရှိသည်။ ၎င်းနာရီကို ဂျာမနီနှင့် ဆွစ်ဇာလန် အင်ဂျင်နီယာများက တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

အင်တာနက်

## ထစ်ချုန်းမိုး

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။